ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## ကြီးမားသောအကျိုးကိုရနိုင်

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့။ Tuesday, 26 April 2022 ၁၀၇၁၆

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။


၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

**ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှ သင်ခန်းစာယူစရာ**
ဆောင်းပါး စာမျက်နှာ » ၆

**ပုဂံယွန်းပညာ ကောလိပ် မေလပထမပတ် တွင် စတင် ဖွင့်လှစ်မည်**



စာမျက်နှာ » ၁၀

**အင်ဒိုနီးရှားနိုင်ငံက စားအုန်းဆီတင်ပို့မှု တားမြစ်ပိတ်ပင်**



စာမျက်နှာ » ၁၃

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လူတိုင်းညီညာပါဝင်ပေး**
စာမျက်နှာ » ၁၇




(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များက စိတ်ကြိုက်လေ့လာကြည့်ရှုကြစဉ်။

# ဧပြီ ၂၂ ရက်မှ ၂၄ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၃၃၀ နှင့် ကျောက်မျက်အတွဲပေါင်း ၅၄ တွဲ ရောင်းချနိုင်ခဲ့

နေပြည်တော် ဧပြီ ၂၅

(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳



# ပုပ္ပားတောင်ပတ်ဝန်းကျင်ကျေးရွာများမှ ထွက်ရှိသည့် ငှက်ပျောများ အရောင်းသွက်

ညောင်ဦး ဧပြီ ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ပတ်ဝန်းကျင်ကျေးရွာများမှထွက်ရှိသည့် ငှက်ပျောသီးမျိုးစုံထွက်သလောက်ရောင်းချနေရကြောင်း လျှော်တောကျေးရွာ ငှက်ပျောစိုက်တောင်သူ ဦးညိုမောင်ထံမှ သိရသည်။

**ထွက်သလောက်ရောင်းချနေရ**

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ဆင်ဆင်း၊ နဂါးလည်၊ လျှော်တော၊ ဆည်၊ ဆည်းမ၊ ဘိုတဲ၊ လွန်အိုင်၊ ကျောက်ခွက်၊ သင်ပေါင်းကျေးရွာများသည် ငှက်ပျောအမျိုးမျိုးစိုက်ပျိုးကြသည်။ ထွက်ရှိလာသည့် ငှက်ပျောများကို ကျောက်ပန်းတောင်းမြို့၊ မိတ္ထီလာ၊ ညောင်ဦး၊ မြင်းခြံ၊ ငါ့သရောက်၊ ပခုက္ကူ၊ တောင်ဇင်းဗျတ္တာဈေးများသို့ သွားရောက်ရောင်းချခြင်း၊ ငှက်ပျောပွဲစားများက ခြံအထိ လာရောက်ဝယ်ယူကြခြင်းများကြောင့် စိုက်ပျိုးသည့်ငှက်ပျောများ ထွက်သလောက်ရောင်းချနေရကြောင်း ဆင်ဆင်းကျေးရွာ ငှက်ပျောစိုက်တောင်သူ ဒေါ်ချိုချိုဝင်းက ပြောသည်။

ပုပ္ပားတောင်ပတ်ဝန်းကျင်ကျေးရွာများသည် ဖီးကြမ်းငှက်ပျော၊ သီးမွှေးငှက်ပျော၊ **စာမျက်နှာ ၃ ကော်လံ ၄ သို့** ✪

ကြေးမုံ

# ချစ်ကြည်ရင်းနှီးစွာလက်တွဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၌ ပြည်တွင်း၊ ပြည်ပမှ အမျိုးမျိုးအဖုံဖုံ ဖိအားပေးနှောင့်ယှက်ဖျက်ဆီးမှုများ ပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ၌ နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်ခဲ့သည်ကို မလိုလားသော အနောက်နိုင်ငံများက အစိုးရဆန့်ကျင်သူများအား ထောက်ခံအားပေးခြင်း၊ မြန်မာနိုင်ငံအပေါ် ဖိအားအမျိုးမျိုးပေးခြင်းတို့ကို ပြုလုပ်နေကြသည်။

အနောက်နိုင်ငံများက မြန်မာနိုင်ငံအပေါ် ဖိအားပေးမှုများ၊ အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်မှာ ယခုကာလမှသာမဟုတ်ပေ။ ၎င်းတို့ မူဝါဒနှင့်မကိုက်ညီသော အစိုးရတစ်ရပ် နိုင်ငံ့တာဝန်ယူတိုင်း ဖိအားပေးပိတ်ဆို့မှုများ ပြုလုပ်ခဲ့ကြသည်။ နိုင်ငံတစ်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ခြင်းသည် တည်ဆဲအစိုးရ အခက်အခဲ အကျပ်အတည်းဖြစ်အောင် တစိုက်မတ်မတ်ပြုလုပ်နေခြင်းဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

အရေးယူပိတ်ဆို့မှုများပြုလုပ်ခြင်းသည် အစိုးရတစ်ရပ်အပေါ် အကျိုးသက်ရောက်မှုမရှိပေ။ အမှန်တကယ် တိုက်ရိုက်ထိခိုက်မှုရှိသည်မှာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများသာဖြစ်ပေသည်။ စီးပွားရေးတွင် အမေရိကန်ဒေါ်လာကို အလွယ်တကူသုံးစွဲ၍မရခြင်း၊ ငွေလွှဲပြုလုပ်၍မရခြင်း၊ မြန်မာနိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များ အခက်အခဲဖြစ်ပေါ်ခြင်း၊ အရေးယူပိတ်ဆို့မှုကြောင့် စက်ရုံ၊ အလုပ်ရုံများ ပိတ်သိမ်းသွားခြင်း၊ စက်ရုံ၊ အလုပ်ရုံများ ပိတ်သိမ်းသွားခြင်းကြောင့် မြန်မာနိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးခြင်းတို့ တွေ့ကြုံကြရသည်။

စီးပွားရေးပိတ်ဆို့မှုများသည် အနောက်နိုင်ငံများ၏ နိုင်ငံရေးမူဝါဒအရ ဆောင်ရွက်နေခြင်းဖြစ်ပြီး ငွေကြေး၊ စီးပွားရေးဆိုင်ရာတို့တွင် အဆင်မပြေမှုများ ရှိသည်။ သို့သော် ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့်မူ မိတ်ဝတ်မပျက်၊ အခင်အမင်မပျက် ကူးလူးဆက်ဆံဆက်ဆံလျက်ရှိသည်။ စီးပွားရေးတွင် အနောက်နိုင်ငံများနှင့် အဆင်မပြေသော်လည်း အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေးပိုမိုကောင်းမွန်လာခဲ့သည်။ လက်တွေ့တွင်လည်း မြန်မာနိုင်ငံအနေဖြင့် အနောက်နိုင်ငံများနှင့် ထုတ်ကုန်၊ ပို့ကုန်များကို အများဆုံးတင်သွင်းဖြန့်ဖြူးခြင်းမရှိဘဲ အိမ်နီးချင်းနိုင်ငံများနှင့်သာ ပို၍အဓိကအားထားလုပ်ကိုင်လျက်ရှိသည်။ ထို့ကြောင့် အနောက်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများမှာ လျော့ကျသွားသည်။

မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေးအရ နိုင်ငံကြီးနှစ်နိုင်ငံကြား၌ အရေးပါသော နိုင်ငံအဖြစ် ရပ်တည်နေခြင်း၊ သယံဇာတပေါ်များခြင်း၊ စီးပွားရေးနှင့်ကုန်သွယ်မှုတွင် အချက်အချာကျခြင်း၊ အထူးသဖြင့် တရုတ်နိုင်ငံနှင့် ရင်းနှီးချစ်ကြည်မှုရှိပြီး စီးပွားရေးတွင် အပြန်အလှန်မှီခိုအားထားရခြင်း၊ တရုတ်နိုင်ငံ၏ တစ်နေ့တခြား အင်အားကြီးထွားလာမှုနှင့် လွှမ်းမိုးလာနိုင်မှုများကို စိုးရိမ်ပူပန်ခြင်း စသည့် အရေးပါသော အချက်များရှိသည်။ ထို့ကြောင့် ၎င်းတို့မူဝါဒနှင့် မကိုက်ညီသော အစိုးရများ နိုင်ငံ့တာဝန်ယူပါက အမျိုးမျိုးအဖုံဖုံ ဖိအားပေးခြင်း၊ နှောင့်ယှက်ခြင်း၊ အကျပ်ကိုင်ခြင်းများ ပြုလုပ်နေခြင်းဖြစ်သည်။

ပြည်ပမှ ဖိအားပေးမှုများကြောင့် အနောက်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ထွက်ခွာသွားသော်လည်း အစားထိုးရင်းနှီးမြှုပ်နှံသူများ ရှိလာမည်ဖြစ်သည်။ အဟောင်းတို့ချုပ်ငြိမ်းလျှင် အသစ်အသစ်တို့ ရောက်လာမြဲဖြစ်သည်။ မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်မတူသည့် သဘာဝသယံဇာတများစွာရှိသဖြင့် မြန်မာနိုင်ငံကို ကမ္ဘာ့နိုင်ငံများက စိတ်ဝင်စားကြသည်။ စွမ်းအင်ကဏ္ဍတွင် ဒေသတွင်းနိုင်ငံများ၌ သဘာဝဓာတ်ငွေ့ထွက်ရှိသောနိုင်ငံမှာ မြန်မာတစ်နိုင်ငံတည်းသာရှိသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံလိုသူများ များစွာရှိသည်။ ရင်းနှီးမြှုပ်နှံနိုင်သော အခွင့်အလမ်းများရှိရန်အတွက်လည်း နိုင်ငံတော်အစိုးရက ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိသည်။

ပထဝီနိုင်ငံရေးနှင့် မြန်မာနိုင်ငံ၏ မူဝါဒအရ အနောက်နိုင်ငံများ၏ ဖိအားပေးမှုများ မြန်မာနိုင်ငံအပေါ် ဆက်ရှိနေမည်ဖြစ်သည်။ မြန်မာနိုင်ငံအပေါ်တွင် နားလည်စာနာမှုရှိသော၊ ချစ်ခင်ရင်းနှီးမှုရှိသော နိုင်ငံများရှိနေသော်လည်း အင်အားကြီးနိုင်ငံကြီး၏ ဖိအားပေးမှုကြောင့် အဟန့်အတားများရှိနေသည်။ ထို့ကြောင့် စီးပွားရေးတွင် ရှိသည့်အင်အားဖြင့် အစွမ်းကုန်ရုန်းထနိုင်အောင် ကြိုးစားကြရမည်ဖြစ်သည်။ ပြည်တွင်းစီးပွားရေးတိုးတက်အောင်၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်လာအောင်၊ တည်ငြိမ်အေးချမ်းပြီး ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အနောက်နိုင်ငံများအနေဖြင့် မြန်မာပြည်သူများအပေါ် စာနာထောက်ထားသည်ဆိုပါက၊ ဒီမိုကရေစီကို ဖော်ဆောင်လိုသည်ဆိုပါက အပြုသဘောဆောင် အကောင်းမြင်စိတ်ထားဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်သင့်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံများနှင့်ဆက်ဆံရာ၌ အမုန်းမဖက်ဘဲ ချစ်ခင်ရင်းနှီးစွာ ဆက်ဆံပေါင်းသင်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု ငါးမှု စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှုငါးမှု ရုံးထိုင်ကြားနာ

နေပြည်တော် မေ ၂၅

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးကြည်သိန်း၊ ဦးတင်ဟုန်၊ ဒေါ်ခင်မေရီ၊ ဦးသောင်းနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၁၇/၂၀၂၀ (ရန်ကုန်)၊ ၁၈/၂၀၂၀ (ရန်ကုန်)၊ ၁၅/ ၂၀၂၀ (မန္တလေး)၊ ၄/၂၀၂၁ (ရောဝတီ) နှင့် ၅ / ၂၀၂၁ (ရောဝတီ) စုစုပေါင်းတရားမအထူးအယူခံမှု ငါးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၉/၂၀၂၁(ရောဝတီ)၊ ၁၀/၂၀၂၁ (ရောဝတီ)၊ ၁၁/၂၀၂၁ (မန္တလေး)၊ ၁၃/၂၀၂၁(ရောဝတီ) နှင့် ၂၇/၂၀၂၁ (ရှမ်း) စုစုပေါင်းတရားမ အထူးအယူခံမှုငါးမှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အုတ်တွင်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ အခြေခံပန်းချီသင်တန်းဖွင့်လှစ်



အုတ်တွင်း မေ ၂၅

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံပုံတူပန်းချီသင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပကြောင်း သိရသည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသားကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ကလေးလူငယ်များ ကာယဉာဏစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် သင်တန်းများဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များအား ပြောကြားခဲ့ပြီး သင်တန်းနည်းပြဆရာ ဦးသက်နှင်းမောင်မောင်က အခြေခံပုံတူပန်းချီရေးဆွဲရခြင်းနှင့် ပတ်သက်၍ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၄၁ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မေ ၂၅ ရက်မှ မေ ၅ ရက်အထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၅ - ၄ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၂၀၀ | ၁၆,၀၀၀,၀၀၀ |
| MTSH | ၂,၆၀၀ | ၂,၆၅၀ | ၇,၀၀၆ | ၁၈,၄၁၅,၉၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၂၀ | ၁၅၈,၀၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁,၁၈၅ | ၂၁,၃၃၀,၀၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၂ | ၅,၃၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၆ | ၁၅,၆၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၄၀ | ၁၉၆,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၈၇.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၁.၈၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၃၅၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၄.၆၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၄.၁၃၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၂၄.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၄၆.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၄၄.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၇.၉၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်အိအိမွန်
**စာပြင်** - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားသော မိန့်ခွန်းအား ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(ဗဟို)မှ အပြည့်အဝထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ချက်

**မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၁၀)ရက်**
**၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၅) ရက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ် ဧပြီလ(၂၂)ရက်နေ့တွင် ပြောကြားသော မိန့်ခွန်းထဲတွင် "တစ်နိုင်ငံလုံး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန်ရည်ရွယ်လျက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ခေါင်းဆောင်များအား တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ထားသည်" ကို တွေ့ရှိရပါသည်။

၂။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းအနေဖြင့် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာဟူသော ရည်ရွယ်ချက်၊ စည်းမျဉ်းဘောင်များနှင့် မသွေဖည်ဘဲ ရပ်တည်လျက် နိုင်ငံအရေးအရာများကို ဆောင်ရွက်လျက်ရှိသည်နှင့်အညီ နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ပြောကြားမှုကို အပြည့်အဝထောက်ခံပါကြောင်းနှင့် ထာဝရငြိမ်းချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုလျက် ရိုးသားပွင့်လင်းစွာ လက်တွဲဆောင်ရွက်ကြပါရန် သက်ဆိုင်သူများအား အလေးအနက်တိုက်တွန်းကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း**
**YMBA (ဗဟို)**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက သဘောထားထုတ်ပြန်ကြေညာ

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**
**သဘောထားထုတ်ပြန်ကြေညာချက် (၂/ ၂၀၂၂)**
**၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၅ ရက်၊ တနင်္လာနေ့**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားခဲ့ပါသည်။

၂။ ထိုသို့ပြောကြားရာတွင် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိသည့်ကာလ ၇၅ နှစ်ကြာမြင့်ပြီဖြစ်သော်လည်း လွတ်လပ်ရေး၏အရသာကို တိုင်းရင်းသားပြည်သူများ အပြည့်အဝမခံစားရသေးကြောင်း၊ ဤသည်မှာလက်နက်ကိုင်ပဋိပက္ခများကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့်၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ပြီး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် ဖိတ်ခေါ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

၃။ အဆိုပါပြောကြားချက်သည် တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တလျက်ရှိသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏အရသာကို ခံစားနိုင်ရေးတို့အတွက် ရှေးရှုဖော်ဆောင်ခြင်းဖြစ်ပါသဖြင့် ကြိုဆိုထောက်ခံပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းကို ထောက်ခံခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၂ ခုနှစ်၊ ဧပြီလ(၂၂)ရက်နေ့တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး (၇၅)နှစ်တာကာလအတွင်း လွတ်လပ်ရေး၏ အနှစ်အရသာများကို တိုင်းရင်းသားများ အပြည့်အဝမခံစားရသေးသောကြောင့် ၂၀၂၂ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးနှစ်အဖြစ် တွေ့ဆုံညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးမှ ခေါင်းဆောင်များ ကိုယ်တိုင်နှင့် အဖွဲ့ဝင် (၂) ဦးစီ တက်ရောက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုက်တွန်းပြောကြားချက်သည် တိုင်းရင်းသားပြည်သူများအားလုံး လိုလားတောင့်တလျက်ရှိသည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိစေရန် ကမ်းလှမ်းနိုးဆော်ချက်ဖြစ်သဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ထောက်ခံပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

# မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က သဘောထားထုတ်ပြန်

**မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)**
**သဘောထားထုတ်ပြန်ချက်**
**၁၃၈၄ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ ရက်**
**၂၀၂၂ ခုနှစ် ဧပြီလ ၂၅ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဧပြီလ ၂၂ ရက်နေ့တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပါသည်။

အဆိုပါမိန့်ခွန်းတွင် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အစဉ်အဆက် တောင်းဆိုလာခဲ့သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးကို ခိုင်ခိုင်မာမာ အာမခံထားပြီးဖြစ်ကြောင်း၊ ၇၅ နှစ်ကာလ ကြာပြီဖြစ်သည့် လွတ်လပ်ရေး၏ အနှစ်သာရများကို တိုင်းရင်းသားပြည်သူများ အပြည့်အဝ မခံစားရသေးသည်ကိုလည်း လက်ရှိပကတိဖြစ်ရပ်များက ပြဆိုနေကြောင်း၊ အဓိက အကြောင်းအရာမှာ သဘောထားကွဲလွဲမှုများအပေါ် အခြေခံပြီး ဖြစ်ပေါ်လာခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများကြောင့်ပင်ဖြစ်ကြောင်း၊ ဒါကို ဖြေရှင်းနိုင်မှသာ ဒီမိုကရေစီ၏ အနှစ်သာရ လွတ်လပ်ရေးအနှစ်သာရကို အပြည့်အဝခံစားနိုင်မှာဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်သည် ငြိမ်းချမ်းရေးနှစ်ဖြစ်ကြောင်းနှင့် တစ်နိုင်ငံလုံးတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒါကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ကြောင်း ဖော်ပြပါရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဖိတ်ခေါ်ကမ်းလှမ်းမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် ဖိတ်ခေါ်ကမ်းလှမ်းချက်ဖြစ်သဖြင့် မြန်မာနိုင်ငံဂီတအစည်းအရုံးက အကြွင်းမဲ့ထောက်ခံပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းကို ထပ်ဆင့်ထောက်ခံခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၂ ခုနှစ်၊ ဧပြီလ(၂၂)ရက်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိန့်ခွန်းတစ်ခုပြောကြားခဲ့ပြီး အဆိုပါမိန့်ခွန်းတွင် ၂၀၂၂ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးနှစ်အဖြစ် တွေ့ဆုံညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးမှ ခေါင်းဆောင်များကိုယ်တိုင်နှင့် အဖွဲ့ဝင်(၂)ဦးစီ တက်ရောက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုက်တွန်းပြောကြားချက်သည် တိုင်းရင်းသားပြည်သူများအားလုံး လိုလားတောင့်တလျက်ရှိသည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိစေရန် ကမ်းလှမ်းနိုးဆော်ချက်ဖြစ်ပါသဖြင့် မိမိတို့မြန်မာနိုင်ငံ ဟာသပညာရှင်များအသင်း(ဗဟို)မှ လေးနက်စွာ ကြိုဆိုထောက်ခံအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအသင်း(ဗဟို)**

**❂ ပုပ္ပားတောင်မှ**

ငှက်ပျောချဉ်၊ ရခိုင်ငှက်ပျော၊ ရွှေနီငှက်ပျောတို့ကို စိုက်ပျိုးကြပြီး ဖီးကြမ်းငှက်ပျောနှင့် ရခိုင်ငှက်ပျောတို့ကို ယခင်ကတည်းကစိုက်ပျိုးခဲ့ကြသည်။ ရွှေနီ၊ သီးမွှေး၊ ငှက်ပျောချဉ်တို့ကို ဈေးကွက်အခြေအနေအရ စိုက်ပျိုးလာခဲ့ကြောင်း၊ ထွက်ရှိလာသည့် ဖီးကြမ်းငှက်ပျောနှင့် ရခိုင်ငှက်ပျောများ အဖီးနှင့်သီးလုံးထွားမှုပေါ်မူတည်ကာ တစ်ဖီးခြင်းဈေး၊ တစ်ခိုင်လုံးဈေးဖြင့် ရောင်းချကြကြောင်း သိရသည်။ ပုပ္ပားတောင်ပတ်ဝန်းကျင်ကျေးရွာများမှ ထွက်ရှိသည့် ငှက်ပျောများကို သဘာဝအတိုင်းစိုက်ပျိုးခြင်းများကြောင့် ဓာတုကင်းလွတ်ငှက်ပျောများဟု လူသိများသည်။

**ကိုထိန်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Vinay Kumar အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၅

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H. E. Mr. Vinay Kumar အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံသည် ယခင်ကတည်းက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အကူအညီများပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် အိန္ဒိယနိုင်ငံ၏ ဒီမိုကရေစီစနစ်၊ ဥပဒေများကိုလေ့လာ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည် ။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ရင်းနှီးချစ်ကြည်စွာဖြင့် မိတ်ဆွေကောင်း အိမ်နီးချင်းနိုင်ငံများဖြစ်ကြောင်း၊ ဘာသာ၊ ယဉ်ကျေးမှုနှင့် ဒီမိုကရေစီနစ်ကို ဖော်ဆောင်ရာတွင်လည်း တူညီသောသမိုင်းကြောင်းများရှိခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်မှု၊ အကူအညီပေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ရွေးကောက်ပွဲဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် အကူအညီပေးနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းသည်။

မေးမြန်းမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများ ပြုစုဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများကို စိစစ်ဆောင်ရွက်နေမှု၊ PR စနစ် ပြောင်းလဲကျင့်သုံးနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကူအညီပေးနိုင်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဓာတ်အားပေးစက်ရုံများ၏ထုတ်လုပ်နိုင်မှုသည် သုံးစွဲမှုထက် လျော့နည်းနေသည့်အတွက် ဝန်အားထိန်းညှိခြင်း၊ ဝန်အားလျှော့ချခြင်းတို့ ဆောင်ရွက်ရခြင်းဖြစ်

နေပြည်တော် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဖြန့်ဖြူးလျက်ရှိသည့် ဓာတ်အားစနစ်ရှိ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ၌ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းစေရေး၊ ရောင်းချထားသောဓာတ်အားခများရရှိရေးတို့နှင့်ပတ်သက်၍ ခရိုင်လျှပ်စစ်မန်နေဂျာ/ခရိုင်လျှပ်စစ်အင်ဂျင်နီယာများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ ဌာနအကြီးအကဲများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ် မန်နေဂျာ/လျှပ်စစ်အင်ဂျင်နီယာများ တက်ရောက်ကြသည်။


ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များအပေါ် အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်အားပြည့်နေသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို တိုးချဲ့ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ တည်ဆောက်ပြီး ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်သွားရန်၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးတို့ကိုလည်း အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ယခုအချိန်တွင် ဓာတ်အားပေးစက်ရုံများ၏ ထုတ်လုပ်နိုင်မှုသည် သုံးစွဲမှုထက် လျော့နည်းနေသည့်အတွက် ဝန်အားထိန်းညှိခြင်း၊ ဝန်အားလျှော့ချရခြင်းတို့ ဆောင်ရွက်နေရခြင်း ဖြစ်ကြောင်း၊ ထိုသို့ ဓာတ်အားထုတ်လုပ်မှု မလုံလောက်သည့် ကာလအတွင်း၌ အချိန်သတ်မှတ်၍ အလှည့်ကျစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးသည့်စနစ်ကို ပြည်သူများသိရှိအောင် အသိပေးကြေညာခြင်းများအပြင် ပြည်သူလူထု၏ မေးမြန်းလာမှုများကို ပြေပြစ်စွာ ဖြေကြားဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

မိမိတို့ ဝန်ထမ်းများသည် ပြည်သူလူထုနှင့် အနီးကပ်ဆုံးထိတွေ့နေသူများဖြစ်၍ ပြည်သူလူထုကို နားလည်နိုင်စေရန် ရှင်းလင်းပြောကြားသွားကြရန် လိုအပ်ကြောင်း၊ လျှပ်စစ်မီတာများ ပုံမှန်ဖတ်ရှုခြင်းနှင့် Online Billing စနစ်ရရှိအောင်ဆောင်ရွက်၍ ပြည်သူများ Online Payment စနစ်ဖြင့် ဓာတ်အားခငွေပေးဆောင်နိုင်ရေး၊ ဓာတ်အားခများ လာရောက်ပေးသွင်းရာ၌ အချိန်တို၍ မြန်ဆန်အဆင်ပြေချောမွေ့စွာ ငွေလက်ခံနိုင်ရေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဓာတ်အားသုံးစွဲမှုကို ပြည့်မီအောင်ထုတ်လုပ်ပေးနိုင်ရန်အတွက် အခြားသော အရင်းအမြစ်များမှ ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်လုပ်ပြီး လျှပ်စစ်ဓာတ်အားများကို ပြည်သူလူထုထံသို့ ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးနှင့် ဗို့အားပြည့်ဝတည်ငြိမ်စွာဖြင့် အချိန်မီဖြန့်ဖြူးပေးပို့နိုင်ရေးသည် မိမိတို့ဝန်ကြီးဌာန၏ အဓိက ရည်မှန်းချက်ဖြစ်ကြောင်း၊ ယခင် သုံးစွဲခဲ့သည့် ဓာတ်အားခကြွေးကျန်များ ကောက်ခံခြင်းများ အပါအဝင် သတ်မှတ်ရက်များအတိုင်း မီတာဖတ်ခြင်း၊ မီတာဘေလ်ဝေခြင်းနှင့် ဓာတ်အားခကောက်ခံခြင်း ကိစ္စရပ်များကို တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျုံပျော်မြို့နယ်၌ သစ်စိမ်းမြေသြဇာ မျိုးစေ့ပေးအပ်ပွဲ ကျင်းပ



ကျုံပျော် မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲ၊ ကြဲပက်ပွဲနှင့် နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက မန်းစက္ကူကျေးရွာအုပ်စု၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သစ်စိမ်းမြေသြဇာ မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်ပွဲကို တောင်သူ ဦးမြင့်နှင့် ဦးစစ်အေးတို့ပိုင်ဆိုင်သည့် လယ်မြေ ၁၂ ဧကတွင် ပြုလုပ်ရာ ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုး၊ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ပြီး မျိုးစေ့ပေးအပ်ခြင်းနှင့် ကြဲပက်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် စံကွက်ရိတ်သိမ်းပွဲကို နွေစပါးစိုက်ပျိုးသည့် တောင်သူဦးပြည့်စုံဖြိုး၏ လယ်မြေ၌ ပြုလုပ်ရာ အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

ပိုက်ဆံလျှော်စိုက်ပျိုးရန် ကျုံတနီးစခန်းနယ်မြေအပါအဝင် ဧက ၁၀၀၀ လျာထားခဲ့ရာ ယနေ့အထိ ဧက ၇၅၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃၉ /၂၀၂၂)**
**၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်**
**(၂၀၂၂ ခုနှစ်၊ မေလ ၂၅ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) နှင့် (ဆ)တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်–

"(စ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဥပဒေရေးရာဝန်ကြီးဌာနကို ဆိုသည်။

(ဆ) ပြည်ထောင်စုဝန်ကြီးဆိုသည်မှာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ကို ဆိုသည်။"

၃။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ ပုဒ်မ ၄၊ ၉၊ ၁၅၊ ၁၆ နှင့် ၂၀ တို့တွင် ပါရှိသော "ပြည်ထောင်စုရှေ့နေချုပ်ရုံး"ဆိုသည့် စကားရပ်ကို "ဝန်ကြီးဌာန"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၄ နှင့် ၅ တို့တွင် ပါရှိသော "ပြည်ထောင်စုရှေ့နေချုပ်"ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုဝန်ကြီး"ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးရမည်။

၄။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၁၂။ (က) ကော်မရှင်သည် မိမိအတည်ပြုသော မြန်မာဘာသာပြန်ဆိုထားသည့်ဥပဒေသည် မူလစာမူနှင့် အလားတူ အာဏာတည်ရမည်ဟု အမိန့်ဖြင့် ထုတ်ပြန်ကြေညာရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာထားသော ဘာသာပြန်ဆိုချက်ပါ ဖော်ပြချက်တစ်ရပ်သည် မူလစာမူနှင့်ကွဲလွဲပါက အဆိုပါ ဖော်ပြချက်တစ်ရပ်နှင့်စပ်လျဉ်း၍ မူလစာမူ အတည်ဖြစ်သည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းကို ထောက်ခံ

**နေပြည်တော် မေ ၂၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၂ ခုနှစ် မေ ၂၂ ရက်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိန့်ခွန်းတစ်ခုကို ပြောကြားခဲ့သည်။

အဆိုပါ မိန့်ခွန်းတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီး (၇၅)နှစ်တာကာလအတွင်း လွတ်လပ်ရေး၏ အနှစ်သာရများကို တိုင်းရင်းသားများ အပြည့်အဝ မခံစားရသေးသောကြောင့် ၂၀၂၂ ခုနှစ်အတွင်း တစ်နိုင်ငံလုံးတွင် ငြိမ်းချမ်းရေးရရှိစေရန်နှင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန် ရည်ရွယ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အသီးသီးမှ ခေါင်းဆောင်များကိုယ်တိုင်နှင့် အဖွဲ့ဝင်နှစ်ဦးစီ တက်ရောက်ပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တိုက်တွန်းပြောကြားချက်သည် တိုင်းရင်းသားပြည်သူများအားလုံးလိုလားတောင့်တလျက်ရှိသည့် စစ်မှန်၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိစေရန် ကမ်းလှမ်းနှိုးဆော်ချက်ဖြစ်သဖြင့် မြန်မာနိုင်ငံစာရေးဆရာများအသင်း၊ မြန်မာနိုင်ငံဟာသပညာရှင်များအသင်း(ဗဟို)၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့မှ ထောက်ခံကြောင်း ဖြင့် သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းခင်းစီမံချက်လုပ်ငန်းစဉ်နှင့် မဲစာရင်းမှန်ကန်စေရေး ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပန်းခင်းစီမံချက်လုပ်ငန်းစဉ်နှင့် မဲစာရင်းမှန်ကန်စေရေး ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





**တက်ရောက်**

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာဒေသများမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပန်းခင်းစီမံချက်သည် သတ်မှတ်ကာလအတွင်း လျာထားသတ်မှတ်ချက် ပြည့်မီအောင် ဆောင်ရွက်ရမည့် စီမံချက်ဖြစ်သည်နှင့်အညီ ယခုအခါ တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတွင် တိုင်းလုံးကျွတ် လျာထားချက် ပြည့်မီပြီးစီးနေပြီဖြစ်ပါကြောင်း၊ အချို့တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းနေပြီဖြစ်သော်လည်း လုံခြုံရေးဆိုင်ရာ ကန့်သတ်ချက်တချို့ ရှိနေသည့်အတွက် တိုင်းလုံးကျွတ်ပြီးစီးရန် ကြန့်ကြာနေကြသည်ကို တွေ့ရပါကြောင်း၊ မည်သည့် အခက်အခဲ၊ အဟန့်အတားများ ရှိနေပါစေ သတ်မှတ်ကာလအတွင်း လျာထားချက် ပြည့်မီပြီးစီးရေးအတွက် ဒေသအာဏာပိုင်များ၊ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ကာ လုပ်နိုင်သမျှသောနည်းလမ်းများရှာကြံ၍ မဖြစ်မနေ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

မိမိတို့ဌာနအနေဖြင့် ပန်းခင်းစီမံချက်ဆောင်ရွက်မှုနှင့်အညီ နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် မိမိတို့ဌာနအပါအဝင် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ နည်းပညာဆိုင်ရာ အဖွဲ့အစည်းများနှင့် လုပ်အားပေး ကူညီဆောင်ရွက်ပေးသူများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)နှင့် နိုင်ငံသားကတ်ထုတ်ပေးခြင်း မှတ်ပုံတင်စာအုပ်(နိုင်–၄)ရှိ စာရင်းအချက်အလက်များအား နည်းပညာအကူအညီ၊ စက်ကိရိယာပစ္စည်းအင်အား၊ လူအင်အားတို့ဖြင့် ကွန်ပျူတာအတွင်း ဖြည့်သွင်းဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းစဉ်ကို သတ်မှတ်ကာလအတွင်း အောင်မြင်ပြီးစီးရေးအတွက်လည်း ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ကာ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်၏ အနာဂတ်အတွက် ပန်းခင်းစီမံချက်လုပ်ငန်းစဉ်နှင့် မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လက်ရှိအခြေအနေအရ လုပ်ငန်းဆိုင်ရာကြုံတွေ့နေရသည့် အခက်အခဲများ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများက ပန်းခင်းစီမံချက် လုပ်ငန်းဆောင်ရွက်မှု၊ မဲစာရင်းမှန်ကန်ရေးအတွက် ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်–၄ မှတ်တမ်းများကို ကွန်ပျူတာဖြင့် ဖြည့်သွင်းဆောင်ရွက်နေမှု၊ နယ်မြေဒေသအလိုက် ပြည်သူများကို နိုင်ငံသားကတ်ပါရှိခြင်း ရှိ၊ မရှိ စစ်ဆေးဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာ အခက်အခဲများ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆိုင်ရာများကို ဖြည့်စွက်တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများက တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုပ်ငန်းဆိုင်ရာ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ဆွေးနွေး တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်မှ သင်ခန်းစာယူစရာ

**မျိုးငြိမ်းငယ်**

## ယူကရိန်းသင်ခန်းစာ

ကမ္ဘာမှာ ဒီကနေ့ဖြစ်နေတဲ့ ရုရှား - ယူကရိန်း စစ်ပွဲကြောင့် ကမ္ဘာ့နိုင်ငံရေးနဲ့ စီးပွားရေးအပေါ် ဂယက်ရိုက်နေတာတွေ့ရပါတယ်။ ရုရှား-ယူကရိန်း စစ်ပွဲဖြစ်လာစေတဲ့ အကြောင်းရင်းတွေကိုကြည့်ရင် ယခင်ကတည်းက သန္ဓေတည်နေတဲ့ အကြောင်းရင်းတွေ များစွာရှိနေတာ တွေ့နိုင်ပါတယ်။

စစ်အေးခေတ်ကစလို့ ဆိုဗီယက်ယူနီယံပြိုကွဲတဲ့အထိ ရုရှားနဲ့အမေရိကန်အကြား အားပြိုင်မှုတွေက စခဲ့တာလို့ပြောရပါမယ်။ တစ်ချိန်က ယူကရိန်းနိုင်ငံဟာ ဆိုဗီယက်ပြည်ထောင်စုရဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဆိုဗီယက်ယူနီယံရဲ့ ဒုတိယအကျယ်ဆုံးနိုင်ငံလည်း ဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ်မှာတော့ ဆိုဗီယက်ယူနီယံကနေ ယူကရိန်းခွဲထွက်ခဲ့ပြီး လွတ်လပ်ရေးကြေညာခဲ့ပါတယ်။ ယူကရိန်းနိုင်ငံဟာ ရုရှားရဲ့ နိုင်ငံရေး၊ စစ်ရေးနဲ့ စီးပွားရေးအတွက် ပထဝီအနေအထားအရ အရေးပါတဲ့နေရာဖြစ်ပါတယ်။

ရုရှားရဲ့ ဒီလိုအရေးပါတဲ့ ယူကရိန်းနိုင်ငံကို အနောက်အုပ်စု နေတိုးအဖွဲ့ဝင်ဖြစ်လာဖို့ ကြိုးပမ်းနေတာ ကြာပါပြီ။ ယူကရိန်းနိုင်ငံရေးမှာ ဝင်စွက်ဖက်ပြီး အနောက်အုပ်စုလိုလားတဲ့ အစိုးရတစ်ရပ်ဖြစ်လာတဲ့အထိ နောက်ကွယ်ကနေ ပံ့ပိုးကူညီနေခဲ့ပါတယ်။ ယူကရိန်းနိုင်ငံသာ နေတိုးအဖွဲ့ဝင်ဖြစ်သွားခဲ့ရင် ရုရှားနိုင်ငံအတွက် အသက်ရှူပေါက် ပိတ်လိုက်သလို ဖြစ်သွားမှာပါ။ ရုရှားနိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ နယ်မြေကို မထိပါးပေမယ့် အမျိုးသားအကျိုးစီးပွားကို တိုက်ရိုက်ခြိမ်းခြောက်ခံရမှာတော့ သေချာနေပါတယ်။

ဒီတော့ ယူကရိန်းနိုင်ငံကို နေတိုးအဖွဲ့ဝင်နိုင်ငံမဖြစ်ရေးဟာ ရုရှားအတွက် အလွန်အရေးကြီးလှပါတယ်။ ယူကရိန်းနိုင်ငံကို နေတိုးအဖွဲ့ဝင်အဖြစ် ဝင်ခွင့်ပြုလိုက်ခြင်းဟာ ရုရှားနိုင်ငံရဲ့ အမျိုးသားလုံခြုံရေးကို ထိခိုက်စေတာမို့ ယူကရိန်းကို နေတိုးအဖွဲ့ဝင်အဖြစ် ဝင်ခွင့်မပြုဖို့ ရုရှားသမ္မတပူတင်က နေတိုးအဖွဲ့ကို တောင်းဆိုခဲ့ပါတယ်။ ဒါပေမယ့် တောင်းဆိုချက်က မရခဲ့ပါဘူး။

ယူကရိန်းနိုင်ငံမှာ အနောက်အုပ်စု လိုလားသူ ဝန်ကြီးချုပ်ဟောင်း ဗစ်တာယူရှင်ကို ၂၀၀၅ ခုနှစ် အာဏာရယူခဲ့တုန်းက ယူကရိန်းနိုင်ငံကို ရုရှားလွှမ်းမိုးမှုကနေ ရုန်းထွက်ပြီး နေတိုးနဲ့အီးယူအဖွဲ့တို့ဆီ ဦးတည်မယ်လို့ ကတိပြုခဲ့ပါတယ်။ ယူကရိန်းကို တစ်ချိန်ချိန်မှာ အဖွဲ့ဝင်ဖြစ်လာစေရမယ်လို့ နေတိုးက ၂၀၀၈ မှာ ကတိပေးခဲ့ပါတယ်။ ယူကရိန်းသမ္မတ ဇီလန်စကီးကလည်း ယူကရိန်းနိုင်ငံကို နေတိုးအဖွဲ့ဝင်အဖြစ် လက်ခံဖို့ ၂၀၂၁ ခုနှစ် ဇန်နဝါရီလက အမေရိကန်ကို မေတ္တာရပ်ခံခဲ့ပါတယ်။

အဲဒီနောက်မှာတော့ ရုရှားအတွက် ရွေးချယ်စရာနည်းလမ်းက နည်းလာပါတယ်။ သံတမန်ရေးအရ ဆွေးနွေးခဲ့ကြပေမယ့် အောင်မြင်မှုမရခဲ့ပါဘူး။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလကစပြီး ရုရှားနိုင်ငံက တပ်ဖွဲ့ဝင်အင်အား တစ်သိန်းကျော်ကို ယူကရိန်းနယ်စပ်နားမှာ ဖြန့်ချထားတဲ့အထိ အခြေအနေ တင်းမာလာပေမယ့် ဆွေးနွေးမှုတွေက တိုးတက်မလာခဲ့ပါဘူး။ နောက်ဆုံး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာတော့ ရုရှားက ယူကရိန်းကို တိုက်ခိုက်ပါတော့တယ်။

တိုက်ခိုက်မှုတွေကြောင့် ဒီကနေ့အထိ သေဆုံးသူတွေ ထောင်နဲ့ချီရှိလာပြီး ယူကရိန်းနိုင်ငံအတွက် ပျက်စီးဆုံးရှုံးမှုတွေက များပြားလှပါတယ်။ စစ်ပွဲကြောင့်ဖြစ်လာတဲ့ စီးပွားရေးအကျိုးဆက်တွေက ရုရှား၊ ယူကရိန်းတို့အတွက်သာမကပါဘူး တစ်ကမ္ဘာလုံးကို ရိုက်ခတ်လာပါတယ်။ စစ်ပွဲနဲ့ဘယ်လိုမှ မပတ်သက်တဲ့ နိုင်ငံတွေမှာလည်း စစ်ပွဲရဲ့ဂယက် ရိုက်ခတ်နေပါတယ်။ ရုရှား-ယူကရိန်းစစ်ပွဲကြောင့် စားသောက်ကုန်ဈေးနှုန်းတွေ ၂၀ ရာခိုင်နှုန်းအထိ တက်လာနိုင်တယ်လို့ ကမ္ဘာ့ကုလသမဂ္ဂက ခန့်မှန်းထားတာကို တွေ့ရပါတယ်။ မတ်လထဲကတော့ ၁၃ ရာခိုင်နှုန်းတက်လာခဲ့ပြီး ဧပြီလထဲမှာ ၂၀ ရာခိုင်နှုန်းအထိ တက်လာနိုင်ကြောင်း ခန့်မှန်းထားပါတယ်။ ဒါဟာ စစ်ပွဲရဲ့စီးပွားရေးဆိုင်ရာ ဂယက်တစ်ခုပဲရှိပါသေးတယ်။ ရုရှား-ယူကရိန်းစစ်ပွဲကြောင့် ဖြစ်လာနိုင်တဲ့ အခြားအကျိုးဆက်များလည်း ရှိနေပါသေးတယ်။

## အရင်းခံအကြောင်းရင်းတစ်ရပ်

ဒီတော့ ဒီစစ်ပွဲနဲ့တိုက်ရိုက်ပတ်သက်ရတာက ရုရှားနဲ့ ယူကရိန်း နှစ်နိုင်ငံတည်းလို့ မြင်နိုင်ပေမယ့် နောက်ကွယ်မှာတော့ အနောက်အုပ်စုနဲ့ နေတိုးအဖွဲ့တို့က ဒီစစ်ပွဲရဲ့ အရင်းခံအကြောင်းရင်းတစ်ရပ်အနေနဲ့ တွေ့ရပါတယ်။ ရုရှားနဲ့အနောက်အုပ်စုအကြားကဖြစ်လာတဲ့ ယှဉ်ပြိုင်မှုဟာ သူတို့နိုင်ငံရဲ့ နယ်မြေတွေမှာမဟုတ်ဘဲ အသုံးချခံ ယူကရိန်းနိုင်ငံရဲ့မြေပေါ်မှာ ဖြစ်နေပါတယ်။ ယူကရိန်းနိုင်ငံကို အနောက်အုပ်စုက လက်နက်မျိုးစုံထောက်ပံ့ပေးနေပါတယ်။ ရုရှားဘက်ကလည်း အဆင့်မြင့်လက်နက်တွေ အသုံးပြုလာပါတယ်။ ဆွေးနွေးမှုတွေ လုပ်နေပေမယ့် အဖြေက မရသေးပါဘူး။

ဆွေးနွေးပွဲမအောင်မြင်သရွေ့ ရုရှားက သူ့ရည်မှန်းချက်အောင်မြင်တဲ့အထိ တိုက်ခိုက်နိုင်တယ်လို့ ခန့်မှန်းရပါတယ်။ အဏုမြူလက်နက်တွေမသုံးဘူးလို့လည်း ဘယ်သူမှ တပ်အပ်မပြောနိုင်ကြပါဘူး။ အဏုမြူလက်နက်များသုံးခဲ့ရင် ယူကရိန်းပြည်သူတွေကို ဘယ်သူတွေကာကွယ်ကြမလဲ။ ဝမ်းနည်းကြောင်း စာထုတ်ရုံလောက်၊ မစို့မပို့ ထောက်ပံ့ရုံလောက်သာ မျှော်လင့်နိုင်ပါတယ်။ အခုဆိုရင် ယူကရိန်းက သေဆုံးသူတွေ ထောင်ချီရှိနေပြီး ဖြစ်သလို ထွက်ပြေးသွားတဲ့သူလည်း သန်းချီရှိနေပါပြီ။ ယူကရိန်းမြို့ကြီးတွေမှာလည်း တိုက်ပွဲဒဏ်ကြောင့် ပျက်စီးနေပါတယ်။ ဒီစစ်ပွဲကြောင့် ယူကရိန်းနိုင်ငံသားတွေ ဘာတွေအမြတ်ကျန်ကြမလဲ။ အခုဆုံးရှုံးမှုနဲ့ ရလာမယ့်အကျိုးဆက် မျှပါ့မလား။ စဉ်းစားစရာ ကောင်းလှပါတယ်။ ဒီစစ်ပွဲမှာ အင်အားကြီး နိုင်ငံတွေအကြားက ယူကရိန်းနိုင်ငံရဲ့ ရပ်တည်မှုအပေါ် မေးခွန်းထုတ်စရာပါပဲ။

> **နိုင်ငံတစ်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားဆိုတာ ကိုယ့်နိုင်ငံနဲ့ နိုင်ငံသားတွေရဲ့ ရပ်ပိုင်းဆိုင်ရာတွေသာမကပါဘူး နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စတဲ့အကျိုးစီးပွားတွေကို အခြားနိုင်ငံတွေရဲ့ ကျူးကျော်စော်ကားမှု၊ အမြတ်ထုတ်မှုကနေ ကာကွယ်ပေးဖို့ ရှင်သန်ရပ်တည်ခြင်းလို့ ယေဘုယျအားဖြင့် နားလည်လက်ခံထားကြပါတယ်။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံရဲ့ အကျိုးစီးပွားတွေဟာ ကျယ်ပြန့်လာသလို ဆက်နွှယ်မှုတွေကလည်း ပိုမိုရှုပ်ထွေးလာပါတယ်။ ဒီလိုအချိန်မှာ အင်အားနည်းတဲ့နိုင်ငံတွေအနေနဲ့ ရှင်သန်ရပ်တည်ရေး၊ အမျိုးသားအကျိုးစီးပွားကာကွယ်ရေး၊ အောင်မြင်ရေးတို့အတွက် ရပ်တည်ချက်နဲ့ တုံ့ပြန်မှုမှန်ကန်ဖို့လို**

နိုင်ငံတစ်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားဆိုတာ ကိုယ့်နိုင်ငံနဲ့ နိုင်ငံသားတွေရဲ့ ရပ်ပိုင်းဆိုင်ရာတွေသာမကပါဘူး နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စတဲ့ အကျိုးစီးပွားတွေကို အခြားနိုင်ငံတွေရဲ့ ကျူးကျော်စော်ကားမှု၊ အမြတ်ထုတ်မှုကနေ ကာကွယ်ပေးဖို့ ရှင်သန်ရပ်တည်ခြင်းလို့ ယေဘုယျအားဖြင့် နားလည်လက်ခံထားကြပါတယ်။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံရဲ့ အကျိုးစီးပွားတွေဟာ ကျယ်ပြန့်လာသလို ဆက်နွှယ်မှုတွေကလည်း ပိုမိုရှုပ်ထွေးလာပါတယ်။ ဒီလိုအချိန်မှာ အင်အားနည်းတဲ့နိုင်ငံတွေအနေနဲ့ ရှင်သန်ရပ်တည်ရေး၊ အမျိုးသားအကျိုးစီးပွား ကာကွယ်ရေး၊ အောင်မြင်ရေးတို့အတွက် ရပ်တည်ချက်နဲ့ တုံ့ပြန်မှုမှန်ကန်ဖို့ လိုလာပါတယ်။ အင်အားနည်းတဲ့နိုင်ငံတွေရဲ့ ရပ်တည်ချက် လွဲတာနဲ့အမျှ အင်အားကြီးနိုင်ငံတွေရဲ့ အသုံးချခံရတာတွေ၊ အမြတ်ထုတ်ခံရတာတွေ၊ လွှမ်းမိုးလာတာတွေ၊ ကျူးကျော်ခံရတာတွေအထိ ဖြစ်လာနိုင်တာ အခုဖြစ်နေတဲ့ ရုရှား-ယူကရိန်း ပဋိပက္ခကနေ သင်ခန်းစာယူရမှာပါ။

## သတိပြုစရာ

အထူးသဖြင့် မြန်မာနိုင်ငံလို အင်အားကြီးနိုင်ငံနှစ်နိုင်ငံအကြား မဟာဗျူဟာကျကျ ရှိနေတဲ့ နိုင်ငံတစ်နိုင်ငံအဖို့ ပိုပြီးသတိပြုစရာပဲဖြစ်ပါတယ်။ အင်အားကြီးနိုင်ငံတွေအကြား ပဋိပက္ခတွေဖြစ်လာရင် ကမ္ဘာ့အဖွဲ့အစည်းတွေလည်း ဘာမှမတတ်နိုင်ပါဘူး။ အင်အားနည်းနိုင်ငံတွေသာ လည်စင်းခံကြရတာပါပဲ။ ယူကရိန်းနိုင်ငံက ကူပါ၊ ကယ်ပါ တစာစာအော်နေပေမယ့် လက်တွေ့မှာတော့ ပေးနေတဲ့အကူအညီတွေက နိုင်ငံပျက်စီးဆုံးရှုံးမှု၊ နိုင်ငံသားတွေရဲ့ သေကျေပျက်စီးမှုနဲ့ နောက်ဖြစ်လာမယ့် အကျိုးဆက်တွေထက်စာရင် မပြောပလောက်ပါဘူး။

ယူကရိန်းနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားဆိုတာ ဘယ်သူမှမကာကွယ်ပေးနိုင်ဘူး။ ယူကရိန်းနိုင်ငံ ကိုယ်တိုင်ကပဲ ကာကွယ်မှရမှာပါ။ အစိုးရတစ်ရပ်၊ နိုင်ငံရေးစနစ်တစ်ခုဟာ အချိန်တန်ရင် ပြောင်းလဲသွားမှာဖြစ်ပေမယ့် နိုင်ငံနဲ့ နိုင်ငံသားကတော့ ပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ နိုင်ငံ၊ နိုင်ငံသားတွေနဲ့ သူတို့ရဲ့အကျိုးစီးပွားတွေရှိနေရင် အမျိုးသားအကျိုးစီးပွားဆိုတာ ရှိနေမှာပဲ ဖြစ်ပါတယ်။

ယူကရိန်းနိုင်ငံထဲကို ရုရှားက ဝင်တိုက်ခိုက်လို့ ပြန်လည်ခုခံတိုက်ခိုက်ရတာ မှန်ပေမယ့် ဒီလို စစ်ပွဲဖြစ်လာရင် ဘယ်သူအရင်ထိခိုက်မလဲဆိုတာကို ယူကရိန်းတို့ ထည့်မတွက်ခဲ့တာလား၊ မလွန်ဆန်နိုင်တာလား။ ဒါမှမဟုတ် သူတို့ကိုယ်တိုင် ရွေးချယ်ခဲ့ကြတာလားဆိုတာ သူတို့ပဲသိပါလိမ့်မယ်။ နောက်ပြီး ဒီစစ်ပွဲမှာ ယူကရိန်းရဲ့ အကျိုးစီးပွားထက် အင်အားကြီးနိုင်ငံတွေရဲ့အကျိုးစီးပွားက ပိုပြီး လွှမ်းမိုးနေတာ တွေ့ရပါတယ်။ အင်အားကြီးနိုင်ငံတွေရဲ့ အကျိုးစီးပွားအောက်မှာ ယူကရိန်းနိုင်ငံသားတွေ စတေးကျရတာပါပဲ။

## သီရိလင်္ကာသင်ခန်းစာ

သီရိလင်္ကာနိုင်ငံဟာ ခရီးသွားလုပ်ငန်းကနေ နိုင်ငံခြားဝင်ငွေ အဓိကရှာဖွေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါပေမယ့် ကိုဗစ် – ၁၉ ဖြစ်ပွားချိန်မှာတော့ ခရီးသွားဝင်ရောက်မှု ကျဆင်းလာခဲ့ပြီး နိုင်ငံရဲ့ နိုင်ငံခြားဝင်ငွေကျဆင်းလာခဲ့ပါတယ်။ နိုင်ငံရဲ့နိုင်ငံခြားဝင်ငွေ ကျဆင်းလာတဲ့အကျိုးဆက်က နိုင်ငံက ပေးဆပ်ရမယ့် ကြွေးမြီတွေနဲ့ အတိုးတွေကို ပေးဆပ်ဖို့ ငွေမရှိတော့ပါဘူး။ သီရိလင်္ကာနိုင်ငံဟာ နိုင်ငံရဲ့ အခြေခံ အဆောက်အအုံတွေဖြစ်တဲ့ လမ်းတွေ၊ လေဆိပ်နဲ့ ဆိပ်ကမ်းတွေ တည်ဆောက်ဖို့အတွက် ၁၀ နှစ်တာကာလအတွင်းမှာပဲ တရုတ်နိုင်ငံဆီကနေ ဒေါ်လာ ငါးဘီလီယံကျော် ချေးယူထားပါတယ်။ သီရိလင်္ကာနိုင်ငံက ချေးငွေယူထားတဲ့အထဲမှာ နိုင်ငံတကာငွေကြေးဈေးကွက်တွေ၊ အာရှဖွံ့ဖြိုးရေးဘဏ်နဲ့ ဂျပန်နိုင်ငံတို့ပြီးရင် တရုတ်နိုင်ငံဆီက အများဆုံး ချေးယူထားတာပါ။ ဒီနှစ်ထဲမှာပဲ သီရိလင်္ကာနိုင်ငံက ပေးဆပ်ရမယ့်အကြွေး ၄ ဒသမ ၅ ဘီလီယံရှိတယ်လို့ သိရပါတယ်။

ဒါပေမယ့် သီရိလင်္ကာနိုင်ငံဟာ ကိုဗစ်–၁၉ ရောဂါကြောင့် ခရီးသွားလုပ်ငန်းတွေ အဆင်မပြေတဲ့အချိန်မှာ ဝင်ငွေနည်းလာပြီး အကြွေးပြန်ဆပ်ဖို့ အခက်အခဲဖြစ်လာပါတယ်။ ရုရှား-ယူကရိန်း ပဋိပက္ခကြောင့်ဖြစ်လာတဲ့ ဂယက်ကြောင့် ကုန်ဈေးနှုန်းတွေလည်း တက်လာပါတယ်။ သီရိလင်္ကာနိုင်ငံဟာ လွတ်လပ်ရေးရပြီးနောက်ပိုင်း နှစ်ပေါင်း ၇၀ အတွင်းမှာ အဆိုးရွားဆုံး စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်နေရပါတယ်။ ကြွေးမြီထောင်ချောက်မှာ မိနေတယ်လို့လည်း ဆိုကြပါတယ်။ ငွေကြေးဖောင်းပွမှု စံချိန်တင် မြင့်တက်ခဲ့သလို စားသောက်ကုန်၊ လောင်စာဆီ၊ ဆေးဝါးနဲ့ အခြားလူသုံးကုန်ပစ္စည်းတွေ ပြတ်လပ်နေပြီး ခေတ်အားပြတ်တောက်တာတွေဖြစ်နေပါတယ်။ ပြည်ပကနေ လိုအပ်တဲ့ ကုန်ပစ္စည်းတွေတင်သွင်းဖို့ သီရိလင်္ကာအစိုးရဆီမှာ နိုင်ငံခြားငွေ ပြတ်လပ်နေတယ်လို့ သိရပါတယ်။ အဲဒီစီးပွားရေး အကျပ်အတည်းကတစ်ဆင့် နိုင်ငံရေးမကျေနပ်မှုတွေဖြစ်လာပြီး ဆန္ဒပြဆူပူမှုတွေ ဖြစ်လာပြန်ပါတယ်။

နောက်ဆက်တွဲ အကျိုးဆက်ကတော့ ဝန်ကြီး ၂၆ ဦးပါတဲ့ အစိုးရတစ်ဖွဲ့လုံး မေ ၃ ရက်က နုတ်ထွက်စာတင်ခဲ့ကြပါတယ်။ သမ္မတ ရာဂျာပက်ဆာနဲ့ သူရဲ့အစ်ကို ဝန်ကြီးချုပ် မဟိန်ဒါ ရာဂျာပက်ဆာတို့တော့ မပါပါဘူး။ အခုဆို အရေးပေါ်အခြေအနေကြေညာထားရပါတယ်။ မေ ၁၄ ရက်ကတော့ အဆိုးရွားဆုံး စီးပွားရေးအကျပ်အတည်းတွေကြောင့် နိုင်ငံခြားကြွေးမြီတွေကိုမဆပ်ဘဲ ယာယီဆိုင်းငံ့ထားမယ်လို့ ကြေညာခဲ့ပါတယ်။ သီရိလင်္ကာနိုင်ငံမှာ အခုဖြစ်နေတဲ့ စီးပွားရေး အကျပ်အတည်းတွေဟာ ပြည်တွင်းရေးကိစ္စတွေလို့ ဆိုနိုင်ပါတယ်။ ပြည်ပကြွေးမြီတွေ များပြားနေတဲ့အချိန်မှာ ကိုဗစ်–၁၉ ရောဂါကြောင့် ပြည်တွင်းစီးပွားရေးကျဆင်းလာတာနဲ့ ရုရှား–ယူကရိန်းပဋိပက္ခရဲ့ ဂယက်တွေကြောင့် စီးပွားရေး ကျပ်တည်းမှုတွေဖြစ်လာပြီး နိုင်ငံရေးနဲ့ ပြည်တွင်းရေး မငြိမ်မသက်မှုတွေ ဖြစ်လာတာပဲ ဖြစ်ပါတယ်။

**စာမျက်နှာ ၇ သို့** ❐

# သဘာဝသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် ရေရှည်အစီအမံများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်

**နေပြည်တော် ဧပြီ ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်အမှာစကားပြောကြားသည်။

**ရေရှည်အစီအမံများ ရေးဆွဲ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက သဘာဝသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ ကမ်းရိုးတန်းဒေသနှင့် ပင်လယ်ပြင်ဂေဟစနစ်ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ရေး၊ ပလတ်စတစ်နှင့် စွန့်ပစ်အမှိုက်များ ထိန်းချုပ်ရေး၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးများကို ရေရှည်အစီအမံများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။



မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP)ပါ ရည်မှန်းချက်များနှင့်အညီ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်၊ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ လုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ ဆက်စပ်ပတ်သက်သူများ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အတည်ပြုထုတ်ပြန်ပြီးသည့် EIA၊ IEE၊ EMP အစီရင်ခံစာပါ ကတိကဝတ်များအတိုင်း လိုက်နာအကောင်အထည်ဖော်ရန်နှင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးကြပ်မတ်သွားရမည်ဖြစ်ကြောင်း။

**မှာကြား**

ယခုပွင့်လင်းရာသီတွင် ဖြစ်လေ့ရှိသည့် တောမီးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုသည် အာဆီယံဒေသတွင်း ပူးပေါင်းဖြေရှင်းရမည့် ပတ်ဝန်းကျင်ပြဿနာတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ Hotspot အရေအတွက် လျှော့ချနိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လုပ်ငန်းအစီအမံများရေးဆွဲပြီး တောမီးနှင့် အခြားမီးလောင်ကျွမ်းမှု၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်လျှော့ချနိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီး/ ပြည်နယ်တာဝန်ခံများက မိမိတို့ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ဆေးပညာရှင်တို့၏ သစ္စာအဓိဋ္ဌာန်နှင့်ကျင့်ဝတ်ကို ဦးထိပ်ထား၍ ပြည်သူတို့အား ကျန်းမာရေးစောင့်ရှောက်မှုကို အတ္တ၊ ပရမ္မတစွာ မျှမျှတတဆောင်ရွက်ပေးကြရမည်

**မန္တလေး ဧပြီ ၂၅**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)သို့ သွားရောက်ပြီး သင်ကြားရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် အဆောက်အအုံများ ထိန်းသိမ်းထားရှိမှု၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ဝန်ထမ်းရေးရာဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် အုပ်ချုပ်မှုပင်မ ခြောက်ထပ်အဆောင်သစ်အတွင်းရှိစာသင်ခန်းများ အခြေအနေ၊ SKILL LAB အတွက် ဝယ်ယူထားသည့် သင်ကြားမှု/သင်ယူမှု အထောက်အကူပစ္စည်းများ၊ Maternal Simulation Model အသုံးပြု၍ ကွန်ပျူတာစနစ်ဖြင့် ကိုယ်ဝန်ဆောင်မိခင် ပုံသဏ္ဌာန်တူဖြင့် သင်ကြားလေ့ကျင့်နိုင်မည့် အခြေအနေ၊ တက္ကသိုလ်အတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုနှင့် လုံခြုံရေးဆိုင်ရာဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်နေကြသည့် ဆေးနှင့်ဆေးနှီးနွှယ် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးများ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များနှင့် တာဝန်ရှိသူများကို ဆေးတက္ကသိုလ် (မန္တလေး) ဇီဝကစာသင်ဆောင်၌ တွေ့ဆုံသည်။





တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဆေးနှင့်ဆေးနှီးနွှယ်တက္ကသိုလ်များ၏ သင်ကြားရေးကဏ္ဍတွင် လိုအပ်သော သင်ကြားရေး ဆရာ ဆရာမများ ခန့်ထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆရာများအနေဖြင့် သက်ဆိုင်ရာ တူညီသည့်ဘာသာရပ်အလိုက် သက်ဆိုင်ရာတက္ကသိုလ်များနှင့် ညှိနှိုင်း၍ သင်ကြားပေးသွားရန်ဖြစ်ကြောင်း၊ ဆေးနှင့် ဆေးနှီးနွှယ်တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ ဆေးရုံများတွင် လက်တွေ့သင်ကြားခြင်း၊ ကွင်းဆင်းဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းပေးခြင်းနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက် ကြိုတင်ညှိနှိုင်းထားရှိခြင်းများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဆေးနှင့်ဆေးနှီးနွှယ်တက္ကသိုလ်များသို့ သက်ဆိုင်ရာကျောင်းသားများအနေဖြင့် ဝင်ရောက်ရမည့် နေ့ရက်များနှင့် ကျောင်းတွင် အဘက်ဘက်မှ ကြိုတင်ပြင်ဆင်ထားသည့် သင်ကြားမှု၊ သင်ယူမှုဆိုင်ရာ သတင်းအချက်အလက်များနှင့်ပတ်သက်၍ ကျောင်းသားများနှင့် သက်ဆိုင်ရာမိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြသူများဖြစ်ပြီး အများစုမှာ ပြည်သူ့ဆေးရုံများတွင် ကုန်ကျစရိတ်သက်သာစွာရရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်အပေါ် မှီခိုနေကြရသူများ ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ပုဂ္ဂလိကဆေးရုံများသို့ တက်ရောက်ကုသရန် အများစုမှာ ငွေကြေးမတတ်နိုင်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများအနေဖြင့်လည်း ဆေးပညာရှင်တို့၏ သစ္စာအဓိဋ္ဌာန်နှင့် ကျင့်ဝတ်ကို ဦးထိပ်ထား၍ ပြည်သူတို့အား ကျန်းမာရေး စောင့်ရှောက်မှုကို အတ္တ၊ ပရမ္မတစွာ မျှမျှတတ ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက မန္တလေးတိုင်းဒေသကြီးအတွင်း ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသည့် ဒေါက်တာ မြတ်ဝဏ္ဏစိုးနှင့် ဒေါက်တာတင်ထွန်း တို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဆေးတက္ကသိုလ် (မန္တလေး) ငါးထပ်စာသင်ဆောင်အတွင်းရှိ အစုအဖွဲ့ငယ်များအလိုက် သင်ကြားမှု၊ သင်ယူမှုပြုနိုင်မည့် စာသင်ခန်းငယ်များ၊ စာသင်ခန်းမကြီးများတွင် သင်ကြားမှု၊ သင်ယူမှုအထောက်အကူပစ္စည်းများနှင့် ပြင်ဆင်ထားရှိမှုများ၊ သင်ကြားမှု၊ သင်ယူမှု ပတ်ဝန်းကျင်ကောင်းများ ရရှိစေရေး ပြင်ဆင်ထားရှိမှု၊ စာသင်ခန်း၊ စာသင်ဆောင်များ ပြင်ဆင်ဆောင်ရွက်ရန် အချက်များနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ သင်ကြားမှု၊ သင်ယူမှု အထောက်အကူပစ္စည်းများ ဝယ်ယူစုဆောင်း ထားရှိမှုနှင့် SKILL LAB ဆောင်ရွက်ရန် ပစ္စည်းများ ဝယ်ယူစုဆောင်းထားရှိမှုနှင့် သင်ထောက်ကူပစ္စည်းများ မပျက်စီးစေရေး စနစ်တကျထိန်းသိမ်းထားရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ စာမျက်နှာ ၆ မှ

**အမြင်လည်းကျယ်၊**
**နိုင်ငံအခြေအနေနဲ့လည်း ကိုက်ညီ**

ရုရှား-ယူကရိန်းပဋိပက္ခနဲ့ သီရိလင်္ကာနိုင်ငံရဲ့ အခြေအနေနှစ်ရပ်ဟာ မတူညီကြပါဘူး။ ယူကရိန်းနိုင်ငံဟာ ကိုယ့်နိုင်ငံရဲ့ပထဝီနိုင်ငံရေးအခြေအနေကို မျက်ကွယ်ပြုလိုက်တဲ့အတွက် အင်အားကြီးနိုင်ငံတွေအကြား အားပြိုင်မှုမှာ မြေဇာပင်ဖြစ်ရတာပါ။ ကိုယ့်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖို့ဆိုတာထက် ကမ္ဘာ့အင်အားကြီးနိုင်ငံတွေရဲ့ ကြိုးဆွဲရာနောက် လိုက်ပါသွားတဲ့သဘောပါပဲ။ သီရိလင်္ကာနိုင်ငံကတော့ ကိုယ့်နိုင်ငံအခြေအနေနဲ့ ကမ္ဘာတစ်ဝန်းလုံးအပေါ် အကျိုးသက်ရောက်နေတဲ့ ဖြစ်ရပ်တွေအပေါ်မှာ တုံ့ပြန်နိုင်စွမ်းအားနည်းမှုလို့ ဆိုရမှာပါ။

အဲဒီဖြစ်စဉ်နှစ်ခုကိုကြည့်ရင်း Think Globally, Act Locally ဆိုတဲ့စကားကို သတိရမိပါတယ်။ ကမ္ဘာကြည့် - ကြည့်နေလို့ဆိုပြီး ကိုယ့်နိုင်ငံအခြေအနေကို မေ့ထားလို့မရပါဘူး။ ကမ္ဘာကြည့် - ကြည့်ပြီး ကိုယ့်နိုင်ငံနဲ့ကိုက်ညီအောင် လိုက်လျောညီထွေ တုံ့ပြန်နိုင်မှ နိုင်ငံနဲ့ပြည်သူတွေရဲ့အကျိုးစီးပွားကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ရုရှားနိုင်ငံအပေါ် အရေးယူမှုတွေလုပ်ကြတဲ့ နေတိုးအုပ်စုနိုင်ငံတွေတောင်မှ ကိုယ့်နိုင်ငံရဲ့အကျိုးစီးပွားထိခိုက်လာမယ့်အရေးတွေဆို လက်ရှောင်ကြတာ တွေ့ရပါတယ်။ ဒါကိုတစ်ဖက်ကကြည့်ရင် ကျေနပ်ဖွယ်ရာမရှိပေမယ့် ကာယကံရှင်နိုင်ငံအတွက်တော့ ကိုယ့်နိုင်ငံရဲ့အကျိုးစီးပွားကာကွယ်တာဖြစ်တဲ့အတွက် မှန်ပါလိမ့်မယ်။

ဒီဖြစ်စဉ်တွေဟာ ကျန်တဲ့အင်အားနည်းတဲ့နိုင်ငံတွေအတွက်တော့ သင်ခန်းစာယူစရာဖြစ်ပါတယ်။ ဂလိုဘယ်လိုက်ဖေးရှင်းခေတ်မှာ ဒီလိုဖြစ်စဉ်ဖြစ်ရပ်တွေက ထပ်ပြီးဖြစ်နေဦးမှာပါ။ ဒါကြောင့် ကမ္ဘာ့အခြေအနေ၊ ကိုယ့်နိုင်ငံရဲ့အခြေအနေကို ချိန်ထိုးတုံ့ပြန်နိုင်မှ နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ။

# စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ သတင်းထုတ်ပြန်ကြေညာ

**နေပြည်တော် မေ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီကိုဖွဲ့စည်းကာ ပြည်ပမှ တင်သွင်းလာသည့် စားသုံးဆီများ သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းများနှင့် ပြည့်မီစေရေး၊ စားသုံးသူ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီများကို သုံးစွဲနိုင်ရေး၊ ဈေးနှုန်းတည်ငြိမ်စွာဖြင့် ဝယ်ယူစားသုံးနိုင်စေရေးတို့အတွက် ကြီးကြပ်ထိန်းကျောင်း ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ တင်သွင်းလာသည့် စားအုန်းဆီများ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချရာတွင် ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးအတွက် ကမ္ဘာ့စားအုန်းဆီ ဈေးနှုန်းများဖြစ်ပေါ်မှုကို အခြေခံ၍ တွက်ချက်ရရှိသည့် ရည်ညွှန်းလက်ကားဈေးနှုန်းကို အပတ်စဉ် ထုတ်ပြန်ကြေညာပေးလျက်ရှိရာ ယနေ့မှ မေ ၁ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး တစ်ပိဿာ လက်ကားရည်ညွှန်းဈေးနှုန်းကို ငွေကျပ် ၅၆၂၀ ဖြစ်ကြောင်း ထုတ်ပြန်ပေးခဲ့သည်။

ပြည်တွင်း စားအုန်းဆီသိုလှောင်ကန်များ၌ ယနေ့တွင် စားအုန်းဆီ လက်ကျန် ၃၁၀၉၀ ဒသမ ၉၈တန်၊ ပိဿာချိန် ၁၉၀၃၉၈၀၅ ကျပ်ရှိရာ ပြည်တွင်းစားသုံးရန် လုံလောက်မှုရှိကြောင်းနှင့် အနယ်နယ်အရပ်ရပ်သို့ နေ့စဉ်ပုံမှန်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး ပြည်ပမှ စားအုန်းဆီ သင်္ဘောများလည်း ပုံမှန်ဝင်ရောက်လျက်ရှိသည်။

ယခုအခါ အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီတင်ပို့မှု မူဝါဒဆိုင်ရာ သတင်းများကို ချဲ့ကား၍ ကောလာဟလသတင်းများ ထုတ်လွှင့်နေမှု အပေါ် စားသုံးသူပြည်သူများအနေဖြင့် စိုးရိမ်ပူပန်စရာ မလိုအပ်ပါကြောင်းနှင့် ပြည်တွင်း၌ စားသုံးဆီ ပြတ်လပ်မှုမရှိစေရေး၊ ပြည်တွင်း စားအုန်းဆီဈေးကွက် တည်ငြိမ်စေရေးနှင့် ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြင့် ပြည်သူများ ဝယ်ယူရရှိစေရေး တို့အတွက် စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါ်သက်သက်ခိုင် အိန္ဒိယနိုင်ငံအစိုးရက မြန်မာနိုင်ငံသို့လှူဒါန်းသည့် ဆန်နှင့် ဂျုံများ ဖြန့်ဝေပေးနေမှု ကြည့်ရှုအားပေး

**ရန်ကုန် မေ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် မေ ၂၄ ရက် နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက်ရှိ ဘုမ္မာ (၁၂)လမ်း သာသနဝလင်းရောင်ခြည်ဓမ္မာရုံနှင့် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက အိန္ဒိယနိုင်ငံအစိုးရက မြန်မာနိုင်ငံသို့လှူဒါန်းသည့် ဆန်နှင့် ဂျုံများကို ပြည်သူများလက်ဝယ်အရောက်ဖြန့်ဝေပေးနေမှုကို ကြည့်ရှုအားပေးသည်။



**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးတို့သည် မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းတိုးတက်ရေး၊ လက်ခံစောင့်ရှောက်ထားသော ကလေးသူငယ်များ ပညာရည်တိုးတက်ရေး၊ နေ့စဉ်နေထိုင်မှုဘဝ အဆင်ပြေချောမွေ့စေရေးတို့အတွက် လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူနေမှုနှင့် သင်တန်းသူအိပ်ဆောင်၊ ထမင်းစားဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဗဟန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းသား တိုးတက်ရရှိရေးအတွက် သင်တန်းဖွင့်လှစ်ပေးနေမှုကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးဆောင်ရွက်ရန်နှင့် သင်တန်းနည်းပြများအနေဖြင့်ခေတ်နှင့်အညီပြောင်းလဲတိုးတက်လာသော ပညာရပ်များကို မျက်ခြည်မပြတ် မွမ်းမံသင်ယူ၍ ထပ်ဆင့်ဖြန့်ဝေပို့ချနိုင်ရေး ဆောင်ရွက်ရန် မှာကြားပြီး အခြေခံနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း ခန်းမဆောင်များ၊ မြန်မာ/တရုတ် အစားအစာ သင်တန်းပို့ချသည့် ခန်းမများနှင့် စံပြရင်သွေးအိမ် မူလတန်းကြိုကျောင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးတို့သည် လူမှုဝန်ထမ်းဦးစီးဌာန ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ ရောက်ရှိကြပြီး ကလေးများအား ပြုစုစောင့်ရှောက်နိုင်ရေးအတွက် ဝန်ထမ်းအင်အား ဖြည့်တင်းပေးနိုင်ရေး၊ လေဝင်လေထွက်နှင့် အလင်းရောင်ကောင်းမွန်စွာ ရရှိနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ကို ထိတွေ့ခံစားနိုင်ရေး ဆောင်ရွက်သွားရမည့်အချက်များကို မှာကြားပြီး ကလေးငယ်များအား ပြုစုစောင့်ရှောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကာ ကလေးငယ်များအား ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုံးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုမွမ်းမံသင်တန်း ဖွင့်လှစ်

**နေပြည်တော် မေ ၂၅**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုမွမ်းမံသင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်းကျောင်း၌ ကိုဗစ်-၁၉ ကာကွယ်ရေး နည်းစနစ်များနှင့်အညီ ကျင်းပသည်။

**ပြောကြား**

ဦးစွာ ဒုတိယဝန်ကြီး ဦးသန့်စင်က နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးလိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန်နှင့် e-Government စနစ် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ရုံးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုမွမ်းမံသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးစားအားထုတ်ကြစေလိုကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် ရုံးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုမွမ်းမံသင်တန်းအမှတ်စဉ်(၂)သို့ လျှပ်စစ်နှင့် စွမ်းအင် ကဏ္ဍအသီးသီးမှ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။



အခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



# ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၁၂၀)နှင့် စာရေးဝန်ထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၀၀) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၂၅**

ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ယနေ့ နံနက် ၈ နာရီက အရာထမ်းငယ် အခြေခံသင်တန်းအမှတ်စဉ် (၁၂၀)ကို Online Learning System ဖြင့်လည်းကောင်း၊ စာရေးဝန်ထမ်း အခြေခံသင်တန်း အမှတ်စဉ် (၂၀၀)ကို နံနက် ၉ နာရီ၌ Inhouse ဖြင့်လည်းကောင်း ဖွင့်ပွဲအခမ်းအနားများ ကျင်းပရာ ပါမောက္ခချုပ် ဦးဇော်ဇော်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အရာထမ်းငယ်အခြေခံသင်တန်းအမှတ်စဉ် (၁၂၀) သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၂၃၂ ဦး၊ သင်တန်းသူ ၃၄၀ စုစုပေါင်း ၅၇၂ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၅ ရက်မှ ဩဂုတ် ၁၉ ရက်အထိ လည်းကောင်း၊ စာရေးဝန်ထမ်း အခြေခံသင်တန်းအမှတ်စဉ် (၂၀၀) သို့ သင်တန်းသား ၂၃၁ ဦး၊ သင်တန်းသူ ၃၇၇ ဦး စုစုပေါင်း ၆၀၆ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၅ ရက်မှ ဇူလိုင် ၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် စတုတ္ထနှစ်(ဝိဇ္ဇာအထူးပြု) ဒုတိယအသုတ်နှင့် တတိယအသုတ်တို့၏ အနီးကပ်သင်တန်းများဖွင့်လှစ်မည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် နောက်ဆုံးနှစ် (ဝိဇ္ဇာအထူးပြု) ဒုတိယအသုတ်နှင့် တတိယအသုတ်တို့၏ အနီးကပ်သင်တန်းများကို အောက်ပါအတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည် -

| စဉ် | သင်တန်းနှစ်၊ ဘာသာရပ် | အနီးကပ်ပို့ချတန်းကာလ |
|---|---|---|
| ၁ | **ဒုတိယအသုတ်**<br>စတုတ္ထနှစ်၊ အဝေးသင်ဝိဇ္ဇာသင်တန်းများ (အထူးပြုဘာသာရပ်များ - ဥပဒေပညာ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ)နှင့် ပဉ္စမနှစ်(ဥပဒေပညာ) သင်တန်း | (၁၉-၅-၂၀၂၂) ရက်နေ့မှ<br>(၂၈-၅-၂၀၂၂) ရက်နေ့အထိ |
| ၂ | **တတိယအသုတ်**<br>စတုတ္ထနှစ်၊ အဝေးသင်ဝိဇ္ဇာသင်တန်းများ<br>(အထူးပြုဘာသာရပ်များ - မြန်မာစာ ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံ) | (၆-၆-၂၀၂၂) ရက်နေ့ မှ<br>(၁၅-၆-၂၀၂၂) ရက်နေ့အထိ |

**အဆင့်မြင့်ပညာဦးစီးဌာန**

## ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် စတုတ္ထနှစ်(ဝိဇ္ဇာအထူးပြု) ဒုတိယအသုတ်နှင့် တတိယအသုတ်တို့၏ အနီးကပ်သင်တန်းများ ဖွင့်လှစ်မည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
သတင်းကြေညာချက်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနသည် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ၂၀၂၂ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် ဒုတိယအသုတ် စတုတ္ထနှစ် (ဝိဇ္ဇာအထူးပြု) ဘာသာရပ်များဖြစ်သည့် ဥပဒေပညာ၊ ပထဝီဝင်၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒနှင့် ပဉ္စမနှစ် ဥပဒေပညာ အထူးပြုများအတွက် အနီးကပ်သင်တန်းများကို (၁၉-၅-၂၀၂၂)ရက်နေ့မှ (၂၈-၅-၂၀၂၂) ရက်နေ့အထိလည်းကောင်း၊ တတိယအသုတ် စတုတ္ထနှစ် (ဝိဇ္ဇာအထူးပြု) ဘာသာရပ်များဖြစ်သည့် မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာနှင့် စီးပွားစီမံအထူးပြုများအတွက် အနီးကပ်သင်တန်းများကို (၆-၆-၂၀၂၂)ရက်နေ့မှ (၁၅-၆-၂၀၂၂) ရက်နေ့အထိလည်းကောင်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

## လူငယ်တစ်ဦးချင်းစီတွင် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်များ ပိုမိုရင့်သန်ခိုင်မြဲလာပြီး နိုင်ငံချစ်စိတ်၊ ဒေသကိုအကျိုးပြုလိုစိတ် တိုးပွားလာအောင်ဆောင်ရွက်

**တောင်ကြီး မေ ၂၅**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)သို့တက်ရောက်မည့် သင်တန်းသား သင်တန်းသူများ ဩဝါဒခံယူခြင်းကို မေ ၂၅ ရက် နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း စိန်မြင်းမိုရ်ခန်းမ၌ ကျင်းပသည်။

**တိုက်တွန်းပြောကြား**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုပါကြောင်း၊ မောင်တို့မယ်တို့ ယခုတက်ရောက်ပညာသင်ကြားမည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့တွင်လည်း ရည်ရွယ်ချက် (၅) ရပ်စီ ချမှတ်ပြီး အဆင့်မြင့်ပညာရပ်များ သင်ကြားပေးလျက်ရှိပါကြောင်း၊ အဆင့်မြင့်တက္ကသိုလ်ပညာရပ်များ တတ်မြောက်၍ ကျောင်းဆင်းပြီးပါက မိမိဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျရာကဏ္ဍမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်စေရန်ဆိုသည့် ရည်ရွယ်ချက်မှာလည်း မောင်တို့မယ်တို့အတွက် အဓိကကျသော အချက်တစ်ခုဖြစ်ပါကြောင်း၊ မောင်တို့မယ်တို့ လူငယ်တစ်ဦးချင်းစီတွင် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်များ ပိုမိုရင့်သန်ခိုင်မြဲလာပြီး နိုင်ငံချစ်စိတ်၊ ဒေသကိုအကျိုးပြုလိုစိတ် တိုးပွားလာအောင်ဆောင်ရွက်၍ နိုင်ငံတော်၏ အဓိကရည်မှန်းချက်ပန်းတိုင်ကို



လျှောက်လှမ်းရာတွင် မောင်တို့မယ်တို့အနေဖြင့် ကျရာအခန်းကဏ္ဍမှပါဝင်ထမ်းရွက်ကျမည့် နိုင်ငံအကျိုးပြုလူချွန်လူကောင်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)သို့ တက်ရောက်မည့်သင်တန်းသား သင်တန်းသူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်ရာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရွှေဝင်းက လက်ခံရယူပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် စွမ်းရည်ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ပညာရေးဘွဲ့ငါးနှစ်၊ သင်တန်းအမှတ်စဉ်(၉) တက်ရောက်မည့် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန် ၊ စစ်ကိုင်း )သို့ တက်ရောက်မည့် သင်တန်းသား သင်တန်းသူများတွင် B.Ed (စစ်ကိုင်း)သို့ အမျိုးသား သုံးဦး၊ အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၂၄ ဦး၊ ဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)သို့ အမျိုးသား ၂၁ ဦး၊ အမျိုးသမီး ၂၄ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၇၁ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

*** ရှေ့ဖုံးမှ**

မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ပြည်တွင်း ပြည်ပရတနာကုန်သည်များက စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်မျက်အတွဲအမှတ် ၁ မှ ၁၂၀ အထိ အတွဲပေါင်း ၁၂၀ အတွက် တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက နံနက် ၉ နာရီတွင် တင်ဒါဖွင့်ဖောက် စစ်ဆေးကာ ကျောက်မျက်အတွဲပေါင်း ၅၄ တွဲကို ရောင်းချရကြောင်း ကြေညာသည်။

ယမန်နေ့ပြပွဲတွင် ပုလဲအတွဲအမှတ် ၁ မှ ၃၃၀ အထိ အတွဲပေါင်း ၃၃၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၃၃၀ ကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား ရောင်းချနိုင်ခဲ့သည်။

ပြပွဲပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲ အမှတ် ၁ မှ ၇၀၀ အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း ပြည်ပရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုပြပွဲတွင် ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြမ်းခင်းဈေးသတ်မှတ်ထားရှိပြီး ငွေပေးချေရာတွင် ပြည်ပရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်ငွေတို့ဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များက အမေရိကန်ဒေါ်လာ၊ ယွမ်၊ ကျပ်ငွေတို့ဖြင့်လည်းကောင်း ပေးချေရမည်ဖြစ်ပြီး ကျောက်မျက်၊ ကျောက်စိမ်းအတွဲများကို ယူရိုငွေဖြင့်ကြမ်းခင်းဈေးသတ်မှတ်ထားရှိကာ ရတနာကုန်သည်များသည် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်တို့ဖြင့် ပေးချေသွားရမည်ဖြစ်သည်။

ယခုကျင်းပပြုလုပ်သည့် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မေ ၂၂ ရက်မှ ၂၈ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ မေ ၂၂ ရက် မှ ၂၄ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း ၃၃၀ နှင့် ကျောက်မျက်အတွဲပေါင်း ၅၄ တွဲကို ရောင်းချနိုင်ခဲ့ပြီး ကျောက်စိမ်းအတွဲ ၇၀၀ ကို မေ ၂၆ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ ကျောက်စိမ်း အတွဲပေါင်း ၂၀၀၀ ကို မေ ၂၆ ရက်မှ ၂၈ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဆွေးနွေး

**သနပ်ပင် မေ ၂၅**

ပဲခူးခရိုင် သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာများအရောက် ကွင်းဆင်း၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲကို မေ ၂၂ ရက်က ကမာစဲကျေးရွာနှင့် ရစ်ကန်လေးကျေးရွာတို့၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သည့် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပညာပေးဆွေးနွေးသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနက ကမာစဲကျေးရွာနှင့် ရစ်ကန်လေးကျေးရွာတို့တွင် အီးအမ်ဘိုကာရှီသဘာဝမြေဩဇာ မြေဆွေးပြုလုပ်ခြင်း သရုပ်ပြပွဲနှင့် နေဗီယာမြက်မျိုးများ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာသည့် ဒေသခံပြည်သူများက သိရှိလိုသည်များကို ပြန်လည်တင်ပြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**



# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၁/၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် မေ ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ်(၁/၂၀၂၂)အား ၂-၅-၂၀၂၂ ရက်နေ့မှ ၁၀-၆-၂၀၂၂ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း-၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃ လမ်း၊ ၂၅ x၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း-၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း-၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း-၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှာင်)**
  အမှတ်-၈၂၊အင်းကုန်းငါးဆူကျေးရွာအုပ်စု၊အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှာင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**



# ကျိုက်လတ်မြို့နယ်၌ နွေစပါးစံပြကွက် ရိတ်သိမ်းပွဲကျင်းပ

**ကျိုက်လတ် မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသည့် နွေစပါးစံပြကွက်ရိတ်သိမ်းပွဲကို မေ ၂၄ ရက် မွန်းလွဲ ၁ နာရီက ဆူးကနန်းကျေးရွာအုပ်စု ငွေးချောင်းလေးကျေးရွာခွဲရှိ တောင်သူ ဦးတင်နွယ်ဦး၏ လယ်မြေ၌ကျင်းပသည်။

**အထွက်နှုန်း တိုးတက်မှန်ကန်ဖို့**

“ကျိုက်လတ်မြို့နယ် ဆူးကနန်းကျေးရွာအုပ်စု ငွေးချောင်းလေးကျေးရွာခွဲ တောင်သူဦးတင်နွယ်ဦးရဲ့ သီးထပ်ရင်စံပြကွက်စိုက်ခင်းမှာ ရိတ်သိမ်းပွဲကျင်းပတာဖြစ်ပါတယ်။ တစ်ဧကေ အထွက်နှုန်း အခြောက်တင်း ၁၀၇ ဒသမ ၁၀ တင်း နှုန်းထွက်ရှိပါတယ်။ အထွက်နှုန်း တိုးတက်မှန်ကန်ဖို့နဲ့ မျိုးကောင်းမျိုးသန့်ရရှိအသုံးပြုနိုင်ဖို့ အဓိကရည်ရွယ်စိုက်ပျိုးတာဖြစ်ပါတယ်”ဟု စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသူရစိုးနှင့် ကျေးရွာအုပ်စုကိုးအုပ်စုမှ တောင်သူ ၆၇ ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

၀၂၇

# ပုဂံယွန်းပညာကောလိပ် မေလပထမပတ်တွင် စတင်ဖွင့်လှစ်မည်

**နေပြည်တော် မေ ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်အောက်ရှိ ယွန်းပညာကောလိပ် (ပုဂံ)ကို မေ ၁၂ ရက်တွင် စတင်ဖွင့်လှစ်၍ ယွန်းပညာရပ်များ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သင်ကြားပေးလျက်ရှိ**

၁၉၂၄ ခုနှစ်တွင် ယွန်းထည်လုပ်ငန်းအတတ်သင်ကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် မြန်မာ့ယွန်းသိပ္ပံအဖြစ်သို့ အဆင့်တိုးမြှင့်ခဲ့သည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ယွန်းပညာကောလိပ်အဖြစ် အဆင့်တိုးမြှင့်ခဲ့ပြီး ယနေ့တိုင် မြန်မာ့ရိုးရာယွန်းပညာရပ်များ၊ ခေတ်မီပညာရပ်များနှင့် နိုင်ငံတကာယွန်းပညာရပ်များကို လက်တွေ့သင်ကြားပေးလျက်ရှိသည်။

“နိုင်ငံခြားသားခရီးသွားတွေအနေနဲ့ ယွန်းပညာကောလိပ်မှာ လက်တွေ့သင်ကြားနေမှုကို လေ့လာကြည့်ရှုနိုင်သလိုကျောင်းဝင်းထဲမှာရှိတဲ့ ပြတိုက်၊ နည်းစဉ်ခန်းမနဲ့ ယွန်းပစ္စည်းအရောင်းပြခန်းများကိုလည်း လေ့လာကြည့်ရှုနိုင်ပါတယ်။ မေ ၁၂ ရက်နေ့မှာ ကျောင်းပြန်ဖွင့်မှာဖြစ်တဲ့အတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အသက် ၂၅ နှစ်ထက်မကျော်သူများ တက်ရောက်မယ်ဆိုရင် နှစ်နှစ်သင်ကြားပြီး ဒီပလိုမာဘွဲ့ ပေးပါတယ်။ နှစ်နှစ်ပြီးသွားရင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်တတိယနှစ်ကို ဆက်လက်တက်ရောက်နိုင်ပါတယ်။ ဒီပလိုမာဘွဲ့ရဖို့အတွက် ကျောင်းဆင်းလက်ရာနဲ့ ကျောင်းဆင်းစာတမ်းတွေ ပြုစုပြီး ယွန်းဘာသာရပ်ကို သင်ကြားတဲ့အပြင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်ပေါင်းကူးနိုင်အောင် စီးပွားရေးပညာရပ်တွေကိုလည်း သင်ကြားပေးပါတယ်။ ဒီပလိုမာနဲ့သမဝါယမနှင့် စီမံခန့်ခွဲမှု ပညာတက္ကသိုလ်ကျောင်းပြီးသွားရင် ယွန်းထည်ပညာရပ်နဲ့ စီးပွားရေးပညာရပ်တွေကို သိရှိထားတာကြောင့် စီးပွားရေးကျွမ်းကျင်တဲ့ လုပ်ငန်းရှင်၊ ပညာရှင်တွေပေါ်ထွန်းလာမှာဖြစ်တဲ့အတွက် ကျွန်မတို့ကျောင်းအနေနဲ့ အဲဒီလိုလုပ်ငန်းရှင်၊ ပညာရှင်တွေ ထွက်ပေါ်လာအောင် သင်ကြားပေးနေတဲ့ကျောင်းကြီးပါ”ဟု ပုဂံယွန်းပညာကောလိပ်ကျောင်းအုပ်ကြီး ဒေါ်နီလာမြင့်က ပြောသည်။

၂၀၂၀ ပြည့်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သော ကျောင်းသား ကျောင်းသူများ တက်ရောက်နိုင်မည်ဖြစ်ပြီး ပထမနှစ်တွင် နှစ်စဉ်ကျောင်းသား ၁၄၀ ခန့်၊ ဒုတိယနှစ်တွင် ကျောင်းသား ၁၀၀ ကျော်ဖြင့် စုစုပေါင်း ကျောင်းသား ၂၅၀ ခန့်ကို ယွန်းပညာရပ်များ နှစ်စဉ်သင်ကြားပေးလျက်ရှိကာ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သင်ကြားမှုယာယီရပ်နားခဲ့ရသော ပထမနှစ်ကျောင်းသား ၁၄၀ ကိုလည်း ယခုကျောင်းဖွင့်ချိန်တွင် ပြန်လည်ခေါ်ယူ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ယွန်းပညာကောလိပ်တွင် ဒီပလိုမာနှစ်နှစ် အောင်မြင်ပြီးပါက စီးပွားရေးတက္ကသိုလ်များသို့ ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ ခြောက်နှစ်တိတိ တက်ရောက်သင်ကြားခွင့်ရခဲ့ပြီး ၂၀၁၁ ခုနှစ်မှစတင်၍ စစ်ကိုင်းနှင့် သန်လျင်တွင်ရှိသော သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်သို့ ပေါင်းကူးတက်ရောက်ခွင့်ရရှိ၍ တက္ကသိုလ်များက ပေးအပ်သောဘွဲ့များကို အပ်နှင်းပေးလျက်ရှိကြောင်း သိရသည်။

**သတင်း - ညိမ်းသူ ( သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

# နှမ်း၊ ပဲတီစိမ်း၊ ငရုတ်နှင့် အရည်အသွေးမြင့်ဝါများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆောင်ရွက်

**မြစ်သား မေ ၂၅**

မန္တလေး တိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းများမှ စိုက်ပျိုးသီးနှံများဖြစ်သော နှမ်း၊ ပဲတီစိမ်းနှင့် ငရုတ်သီးနှံများကို အသင်းသား တောင်သူများ၏ လယ်ယာမြေဧက ၉၀၀၀ ပေါ်တွင် စိုက်ပျိုးထားရှိသည်။

ထို့ပြင် မိတ္ထီလာမြို့နယ် လှည်းပွဲကျေးရွာတွင် ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်သူများ သမဝါယမအသင်းဖွဲ့စည်းပြီး ဝါစိုက်တောင်သူ အသင်းသားများအား အရည်အသွေးမြင့်ဝါများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ပံ့ပိုးချေးငွေများကို ဝါစိုက်တောင်သူများလက်ဝယ်အရောက် စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ

ကျောက်မျက်ရတနာများကို လူသားတို့သည် အဆင်တန်ဆာအဖြစ် လှပစွာတန်ဖိုးထားဆင်မြန်းကြသည်။ ထိုကဲ့သို့ လှပစွာဆင်မြန်းတန်ဖိုးထားကြသော ကျောက်မျက်ရတနာများသည် ဘူမိအနေအထားကြောင့် မြန်မာ့မြေတွင် ကျောက်မျက်ရတနာတွင်းထွက်အမျိုးအစားအားဖြင့် ၇၅ မျိုးအထိ စုံလင်စွာဖြစ်ထွန်းတည်ရှိနေသည်။ ထိုသို့အမျိုးအစားစုံလင်လှသော မြန်မာ့အဖိုးတန် ကျောက်မျက်ရတနာသယံဇာတများသည် နိုင်ငံတော်အတွက် အကျိုးစီးပွားဖြစ်ထွန်းစေသည့် အခွင့်အလမ်းများဖြစ်လာစေရန် နိုင်ငံ၏သမိုင်းစဉ်တစ်လျှောက်လုံး ဖော်ဆောင်ပေးနိုင်ခဲ့သည်။

**ပထမဆုံးအကြိမ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ**

နိုင်ငံတော်အတွက် အကျိုးစီးပွားဖြစ်ထွန်းစေမှုကို သမိုင်းစဉ်တစ်လျှောက်လုံးအတွက်သာမက အနာဂတ်မျိုးဆက်များ၏ ရေရှည်အကျိုးဖြစ်ထွန်းမှုများ ဖော်ဆောင်ပေးနိုင်မည့် ကျောက်မျက်ရတနာသယံဇာတများကို နိုင်ငံခြားငွေဖြင့် ရောင်းချနိုင်ရန် ပထမဆုံးအကြိမ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၆၄ ခုနှစ်တွင် ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ စတင်ပြုလုပ်ခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပနိုင်ခဲ့မှုကို လေ့လာကြည့်မည်ဆိုလျှင် ၁၉၆၄ ခုနှစ် ပထမအကြိမ် ကျောက်မျက်ရတနာပြပွဲမှ ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီလ အကြိမ်(၃၀)မြောက်ပြပွဲအထိ ပြပွဲပေါင်း ၃၁ ပွဲကို ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌လည်းကောင်း၊ ၁၉၉၃ ခုနှစ် နှစ်လယ်ပြပွဲမှ ၂၀၀၆ ခုနှစ် မတ်လ (၄၃)ကြိမ်မြောက်ပြပွဲအထိ ပြပွဲပေါင်း ၃၅ ပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမ၌ လည်းကောင်း၊ ၂၀၀၆ ခုနှစ် ဇွန်လ၊ ဇူလိုင်လအထူးပြပွဲမှ ၂၀၁၀ ပြည့်နှစ် ဇွန်၊ ဇူလိုင်အထူးပြပွဲအထိ ပြပွဲပေါင်း ၁၃ ပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌လည်းကောင်း ကျင်းပခဲ့နိုင်သည်ကို တွေ့ရှိရသည်။

ယခု (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်နေ့မှ ၂၈ ရက်နေ့အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိသည်။ ယခုပြပွဲတွင် ပုလဲအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို ပြည်တွင်းပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်အသုံးပြု၍ နိုင်ငံခြားငွေဖြင့် ရောင်းချလျက်ရှိသည်။

"ပုလဲအတွဲတွေကို အမေရိကန်ဒေါ်လာနဲ့ ကြမ်းခင်းဈေး သတ်မှတ်ထားရှိပေမယ့် ငွေပေးချေရာမှာ ပြည်ပရတနာကုန်သည်တွေအနေနဲ့ အမေရိကန်ဒေါ်လာ၊ ယွမ်နဲ့ အခုပြပွဲမှာ ပေးချေနိုင်တယ်။ ပြည်တွင်းရတနာကုန်သည်တွေကတော့ ကျပ်၊ အမေရိကန်ဒေါ်လာ၊ ယွမ်ငွေ ကြိုက်တာနဲ့ ပေးချေနိုင်တယ်။ ဒီလိုပဲ ကျောက်မျက်၊ ကျောက်စိမ်းအတွဲတွေကို ယူရိုငွေနဲ့ ကြမ်းခင်းဈေး သတ်မှတ်ထားရှိပေမယ့် ပြည်ပကုန်သည်က အမေရိကန်ဒေါ်လာ၊ ယွမ်ငွေနဲ့ ပေးချေနိုင်တယ်။ ပြည်တွင်းကတော့ ကျပ်ငွေနဲ့ပါ ပေးချေနိုင်တယ်"ဟု မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပုလဲအတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးကို အမေရိကန်ဒေါ်လာ တစ်ထောင် သတ်မှတ်ထားပြီး ကျောက်မျက်အတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးမှာ ယူရို ၅၀၀ ဖြစ်သည်။ ထို့အတူ ကျောက်စိမ်းအချောထည်များအတွက် အနိမ့်ဆုံးအခြေခံဈေးကို ယူရို ၁၀၀၀ သတ်မှတ်ထားပြီး ကျောက်စိမ်းရိုင်းအတွဲများအတွက် အနိမ့်ဆုံးအခြေခံဈေးကို ယူရိုငွေ ငါးထောင် သတ်မှတ်ထားကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ သိရသည်။



(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို တွေ့ရစဉ်။

ပြပွဲတွင် ပုလဲအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို ဝယ်ယူလိုသည့် ရတနာကုန်သည်များအနေဖြင့် အာမခံစပေါ်ငွေများအား ကြိုတင်ပေးသွင်းထားရမည်ဖြစ်သည်။ အာမခံစပေါ်ငွေအဖြစ် ပုလဲအတွဲများအတွက် ပြည်ပရတနာကုန်သည်များကို အမေရိကန်ဒေါ်လာ ၂၀၀၀ နှင့် ပြည်တွင်းရတနာကုန်သည်များကို ၃၇ သိန်းကျပ်၊ ကျောက်မျက်အတွဲများအတွက် ယူရို ၂၀၀၀ နှင့် ကျောက်စိမ်းအတွဲများအတွက် ယူရိုနှစ်သောင်းကို အနည်းဆုံး ပေးသွင်းကြရမည်ဖြစ်သည်။

**ရောင်းရငွေ၏တန်ဖိုးအပေါ် အခွန်၊ အခနှုန်းထား**

ယခုကျင်းပလျက်ရှိသည့် ၂၀၂၂ ခုနှစ် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲများအတွက် ရောင်းရငွေ၏ တန်ဖိုးအပေါ် အခွန်၊ အခနှုန်းထားကို ရတနာခွန် ၁၁ ရာခိုင်နှုန်း၊ ဝန်ဆောင်ခ သုံးရာခိုင်နှုန်း သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပြီး ပုလဲအတွဲများအတွက် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းဖြင့် သတ်မှတ်ကောက်ခံသွားမည်ဖြစ်သည်။

(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြပွဲဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းပြီး ရတနာပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ ပြပွဲသို့ ပြည်တွင်းပြည်ပရတနာကုန်သည်များ အဆင်ပြေချောမွေ့စွာ တက်ရောက်ဝယ်ယူနိုင်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက် စနစ်တကျ

## ကျောက်မျက်သက်

ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိသည်။

ပြပွဲအတွက် စီစဉ်ဆောင်ရွက်ထားမှုနှင့်စပ်လျဉ်း၍ "ကျောက်မျက်ရတနာပြပွဲတွေကို မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပခြင်းဖြစ်ပါတယ်။ ပြပွဲ အောင်အောင်မြင်မြင်ကျင်းပနိုင်ဖို့အတွက် ဗဟိုကော်မတီအောက်မှာ သက်ဆိုင်ရာ လုပ်ငန်းကော်မတီတွေကို ဖွဲ့စည်းထားပါတယ်။ ပြပွဲနဲ့ သက်ဆိုင်တဲ့ လုပ်ငန်းတွေဖြစ်တဲ့ အာမခံစပေါ်ငွေ ပေးသွင်းမှု၊ ကျောက်အတွဲအတွက် ငွေပေးချေမှု၊ အခွန်ကောက်ခံမှုများ ချောမွေ့လွယ်ကူစေဖို့၊ ပြပွဲတက်ရောက်လာတဲ့ ရတနာကုန်သည်တွေ ခရီးသွားလာရေး၊ တည်းခိုနေထိုင်ရေးတို့ အဆင်ပြေစေဖို့၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လုံခြုံရေး စတာတွေ စိတ်ချ၊ ကောင်းမွန်စေဖို့ သက်ဆိုင်တဲ့ လုပ်ငန်းအမျိုးအစားအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မယ့် လုပ်ငန်းကော်မတီတွေ ဖွဲ့ပြီး စီစဉ်ဆောင်ရွက်ရပါတယ်" ဟု မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ခေတ်အဆက်ဆက် နိုင်ငံခြားငွေဖြင့် ရောင်းချခဲ့သည့် ကျောက်မျက်ပြပွဲပေါင်း ၉၆ ပွဲ၊ မြန်မာကျပ်ငွေဖြင့် ရောင်းချသည့် ပြပွဲပေါင်း ၁၉ ပွဲကို အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့သည်။ ထိုပွဲများအနက်မှ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလ နှစ်လယ်ပြပွဲမှစတင်၍ ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium) အထိ ပြပွဲ ၁၇ ပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောင်မြင်စွာပြုလုပ်နိုင်ခဲ့သည်။

**အလေးချိန် ၃၈ ဒသမ ၁၂ ကရက်ရှိ မိုးကုတ်ပတ္တမြားကို ရောင်းချနိုင်ခဲ့**

ပြပွဲများအတွင်း နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ပြုလုပ်ခဲ့သည့် ၂၀၁၃ ခုနှစ် အကြိမ်(၅၀)မြောက်ကျောက်မျက်ရတနာပြပွဲသည် ယူရိုငွေ ၁၃၁၇ ဒသမ ၉၁ သန်းဖြင့် အများဆုံးရောင်းချရရှိခဲ့သည်။ ထို့အတူ နိုင်ငံခြားငွေယူရို ၃၃ ဒသမ ၃၃ သန်းဖြင့် ရောင်းချရရှိခဲ့သော ကျောက်စိမ်းတွဲသည် ဈေးအများဆုံးရောင်းရသော ကျောက်စိမ်းအတွဲအဖြစ် ၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချနိုင်ခဲ့သည်။ ဈေးအများဆုံးကျောက်မျက်ရိုင်းအနေဖြင့် ၁၉၉၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အမေရိကန်ဒေါ်လာ ၅၈၆၁၁၈၀ ဖြင့် အလေးချိန် ၃၈ ဒသမ ၁၂ ကရက်ရှိ မိုးကုတ်ပတ္တမြားကို ရောင်းချနိုင်ခဲ့သည်။

ထိုကဲ့သို့ ပြပွဲများကျင်းပကာ မြန်မာ့ကျောက်မျက်ရတနာများကို ရောင်းချခြင်းဖြင့် ကျောက်မျက်ရတနာရောင်းဝယ်သူများအတွက် ငွေကြေးလည်ပတ်ခြင်း၊ ကျောက်မျက်ရတနာအချောထည် လုပ်ကိုင်သူများအတွက် ကုန်ကြမ်းရရှိခြင်းနှင့် ကျောက်မျက်ရတနာကဏ္ဍမှ လုပ်သားများအတွက် အလုပ်အကိုင်များအဆင်ပြေခြင်း စသည့် အခွင့်အလမ်းများကို ရရှိလာနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ နိုင်ငံ့အကျိုးစီးပွားဖြစ်ထွန်းစေရန် ရည်ရွယ်သည့် ၂၀၂၂ ခုနှစ် (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၏စီစဉ်မှုဖြင့် ဧပြီလ ၂၂ ရက်နေ့မှ ၂၈ ရက်နေ့အထိ ခုနစ်ရက်တာ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိသည်ကို တင်ပြရေးသားလိုက်ရပါသည်။ ။

**"ပြပွဲများအတွင်း နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ပြုလုပ်ခဲ့သည့် ၂၀၁၃ ခုနှစ် အကြိမ်(၅၀)မြောက်ကျောက်မျက်ရတနာပြပွဲသည် ယူရိုငွေ ၁၃၁၇ ဒသမ ၉၁ သန်းဖြင့် အများဆုံးရောင်းချရရှိခဲ့သည်။ ထို့အတူ နိုင်ငံခြားငွေယူရို ၃၃ ဒသမ ၃၃ သန်းဖြင့် ရောင်းချရရှိခဲ့သော ကျောက်စိမ်းတွဲသည် ဈေးအများဆုံးရောင်းရသောကျောက်စိမ်းအတွဲအဖြစ် ၂၀၁၁ ခုနှစ် (၄၈)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲတွင် ရောင်းချနိုင်ခဲ့သည်။ ဈေးအများဆုံးကျောက်မျက်ရိုင်းအနေဖြင့် ၁၉၉၃ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အမေရိကန်ဒေါ်လာ ၅၈၆၁၁၈၀ ဖြင့် အလေးချိန် ၃၈ ဒသမ ၁၂ ကရက်ရှိ မိုးကုတ်ပတ္တမြားကို ရောင်းချနိုင်ခဲ့"**



(၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ရတနာကုန်သည်များက စိတ်ကြိုက်လေ့လာကြည့်ရှုစဉ်။



# ပြင်သစ်သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတ မက်ခရွန်အနိုင်ရရှိ

ပါရီ မေ ၂၅

ပြင်သစ်သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတ မက်ခရွန်သည် လက်ယာစွန်းရောက်ပြိုင်ဘက်မာရီနီလီပန်းအား အနိုင်ရရှိပြီး သမ္မတရာထူးဒုတိယသက်တမ်းအတွက် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

မက်ခရွန်သည် ဆန္ဒမဲအားလုံး၏ ၅၈ ဒသမ ၅၅ ရာခိုင်နှုန်းကို ရရှိခဲ့ကာ ၎င်း၏ပြိုင်ဘက် လီပန်းမှာ ၄၁ ဒသမ ၄၅ ရာခိုင်နှုန်းသာ ရရှိခဲ့သည်။

လက်ရှိသမ္မတမက်ခရွန်သည် ပြီးခဲ့သည့်ငါးနှစ်က အသက်အငယ်ဆုံးသမ္မတအဖြစ် အသက် ၄၄ နှစ်အရွယ်တွင် သမ္မတဖြစ်လာခဲ့သည်။ ပြီးခဲ့သည့် ရာထူးသက်တမ်းငါးနှစ်အတွင်း နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းအပါအဝင် နိုင်ငံအကျိုးအတွက် သယ်ပိုးဆောင်ရွက်ခြင်းကြောင့် မက်ခရွန်သည် ယခုကဲ့သို့ သမ္မတရာထူး ဒုတိယသက်တမ်းတွင် ပြန်လည်ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

မက်ခရွန်သည် ၎င်း၏ ဒုတိယရာထူးသက်တမ်းအတွင်း ပြင်သစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ရှိသည်။ ၎င်း၏ပြိုင်ဘက်ဖြစ်သည့်လီပန်းကလည်း ရွေးကောက်ပွဲအတွင်း နိုင်ငံသားများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်မည်ဟု ပြောကြားစည်းရုံးခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# အာဖဂန်နစ္စတန်နိုင်ငံရှိ မိသားစု ၁၄၀၀၀ ကျော် စားနပ်ရိက္ခာအထောက်အပံ့များ လက်ခံရရှိ

ကဘူးလ် မေ ၂၅

အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်နယ်နှစ်ခုမှ မိသားစု စုစုပေါင်း ၁၄၂၆၃ စုသည် စားနပ်ရိက္ခာအထောက်အပံ့များ လက်ခံရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ကျေးလက်ဒေသ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက မေ ၂၅ ရက်တွင် ပြောကြားသည်။

**လက်ခံရရှိ**

စစ်တမ်း ကောက်ယူမှုများအရ ဂျော်ဂျန်ပြည်နယ်မြောက်ပိုင်းရှိ မိသားစု ၈၄၁၃ စုနှင့် ဂါဇနီပြည်နယ်အရှေ့ပိုင်းရှိ မိသားစု ၅၈၅၀ တို့သည် မုန့်ညက်၊ ဆီ၊ ပဲ၊ ဆားနှင့် စားနပ်ရိက္ခာ အစုံအလင်တို့ကို ပြီးခဲ့သည့် သီတင်းပတ်အတွင်းက လက်ခံရရှိခဲ့ကြကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါအထောက်အပံ့များကို ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ထောက်ပံ့ခဲ့ခြင်းဖြစ်ပြီး အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်နယ်များ၏ ကျေးလက်ဒေသပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနများက စစ်တမ်းကောက်ယူမှုများနှင့် အထောက်အပံ့များဖြန့်ဝေရာတွင် အကူအညီပေးခဲ့ကြောင်း သိရသည်။



အာဖဂန်နစ္စတန်နိုင်ငံ၏ ပြည်နယ် ၃၄ ခုရှိ စားနပ်ရိက္ခာအထောက်အပံ့များ လိုအပ်လျက်ရှိသည့် မိသားစုထောင်ပေါင်းများစွာသည် ပြီးခဲ့သည့်လများအတွင်းက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ လက်ခံရရှိခဲ့ကြကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁ ဒသမ ၄ သန်းကျော်ရှိလာ

အဒစ်အာဘာဘာ မေ ၂၅

အာဖရိကတိုက်၌ မေ ၂၄ ရက်ညနေပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၁၄၀၉၀၆၄ ဦး ရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ လက်ရှိတွင် အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၅၂၀၆၇ ဦးရှိလာကြောင်းနှင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၁၁၅၄၃၃၈၇ ဦးရှိလာကြောင်း သိရသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် လစ်ဗျားနိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးနိုင်ငံများဖြစ်ပြီး တောင်အာဖရိကနိုင်ငံ၌ ၃၇၅၈၆၈၈ ဦးနှင့် မော်ရိုကိုနိုင်ငံ၌ ၁၁၆၄၆၇၀ ရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၀၀၆ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ မေ ၂၅

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၀၀၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၄၃၁၀၇၃ ဦးရှိလာကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၃၉၉၉ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ပြီး ခုနစ်ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည့် အချက်အလက်များအရ သိရသည်။

လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူရှစ်ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၅၄၉၉ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၀၂၂၃ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၃၂၀၈၂၂ ဦး ရှိကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၈၀၉၇၇ ဦးရှိကြောင်း သိရသည်။

နိုင်ငံလူဦးရေ၏ ၈၄ ဒသမ ၉ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်၊ ၈၁ ဒသမ ၃ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်နှင့် ၄၉ ရာခိုင်နှုန်းသည် တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာစည်းမျဉ်းများ လျင်မြန်စွာဖြေလျှော့ခဲ့ခြင်းအပေါ် စိုးရိမ်ပူပန်မှုများမြင့်တက်

ဆိုးလ် မေ ၂၅

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာစည်းမျဉ်းများ လျင်မြန်စွာဖြေလျှော့ခဲ့ခြင်းအပေါ် နိုင်ငံသားများအကြား စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။



အစိုးရအနေဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အခြေအနေကို မထိန်းချုပ်နိုင်မီ စည်းမျဉ်းများအား ဖြေလျှော့ခဲ့ခြင်းဖြင့် နိုင်ငံအတွင်း ရောဂါကူးစက်မှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း၊ နိုင်ငံအတွင်း လက်ရှိအချိန်တွင် နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၀၀၀၀ ခန့်နှင့် အဆိုပါရောဂါကြောင့် နေ့စဉ်သေဆုံးသူ ၁၀၀ မှ ၂၀၀ အတွင်းရှိနေကြောင်း ကိုရီးယားဆေးတက္ကသိုလ်မှ ဒေါက်တာချိုဂျေဝင်က ပြောကြားသည်။

ယခုကဲ့သို့သော အခြေအနေတွင် အစိုးရက ကိုဗစ်-၁၉ ရောဂါဆိုင်ရာကန့်သတ်ချက်များကို ဖြေလျှော့ခဲ့ခြင်းသည် မသင့်လျော်သောဆောင်ရွက်ချက်သာဖြစ်ကြောင်း ၎င်းကပြောကြားသည်။

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာကျန်းမာရေးစည်းမျဉ်းများကို ဖြေလျှော့လိုက်ခြင်းအားဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအဆုံးသတ်သွားသည်ဟု နိုင်ငံသားများက လွဲမှားစွာယူဆနိုင်ပြီး ရောဂါကာကွယ်ရေးနည်းလမ်းများအား လိုက်နာဆောင်ရွက်မှုအပိုင်းတွင် အားနည်းသွားနိုင်ကြောင်း ၎င်းကပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်း ဖြေလျှော့မှုအရ မေ ၂၅ ရက်မှစတင်၍ အများပြည်သူနှင့် သက်ဆိုင်သောအားကစားခန်းမများ၊ ဘာသာရေးဝတ်ပြုဆုတောင်းရာနေရာများ၊ ရုပ်ရှင်ရုံများ၊ ကပွဲများနှင့် ဈေးဆိုင်များရှိ စားသောက်ရန်နေရာများတွင် စားသောက်ခွင့်ရှိကြောင်း၊ သို့ရာတွင် နိုင်ငံသားများသည် သတ်မှတ်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ဆက်လက်လိုက်နာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တောင်ကိုရီးယားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံနှင့် ကုလသမဂ္ဂတို့က ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရန် သဘောတူညီ

**ပေကျင်း ဧပြီ ၂၅**

တရုတ်နိုင်ငံနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းတို့သည် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေး ပူးတွဲကြိုးပမ်းမှုများလုပ်ဆောင်ရန် ဧပြီ ၂၅ ရက်တွင် သဘောတူညီခဲ့ကြကြောင်း သိရသည်။

တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် တရုတ်နိုင်ငံရှိ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းမှ ဌာနေညှိနှိုင်းရေးမှူး ချက်တာဂျီတို့တွေ့ဆုံစဉ် အထက်ပါအတိုင်း သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

**အလွန်အလေးထား**

ကုလသမဂ္ဂသည် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် အဓိကပလက်ဖောင်းဖြစ်ခြင်းကြောင့် တရုတ်နိုင်ငံသည် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်မှုကို အလွန်အလေးထားပါကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက မှတ်ချက်ပြုပြောကြားခဲ့သည်။

ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု တိုးမြှင့်ရေး ကုလသမဂ္ဂနှင့်အတူတကွ လက်တွဲလုပ်ဆောင်ရန် ဆန္ဒရှိပါကြောင်းလည်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ပြောကြားသည်။

အဆိုပါ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုပဏာမခြေလှမ်းကို နိုင်ငံပေါင်း ၁၀၀ ကျော်က ထောက်ခံကြောင်းနှင့် နိုင်ငံပေါင်း ၅၀ ကျော်သည် တရုတ်နိုင်ငံနှင့် ကုလသမဂ္ဂတို့ တည်ထောင်သည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးပဏာမခြေလှမ်း၏ မိတ်ဖက်နိုင်ငံများအဖွဲ့သို့ ပူးပေါင်းလာခဲ့ပြီးဖြစ်ကြောင်း ဝမ်ယီက ဆက်လက်ပြောကြားသည်။

ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးပဏာမခြေလှမ်းသည် ကုလသမဂ္ဂ၏ ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်အား အကောင်အထည်ဖော်ရာတွင် အရေးပါကြောင်းလည်း တရုတ်နိုင်ငံရှိကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းမှ ဌာနေညှိနှိုင်းရေးမှူး ချက်တာဂျီက အလေးထားပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ။




# အင်ဒိုနီးရှားနိုင်ငံက စားအုန်းဆီတင်ပို့မှု တားမြစ်ပိတ်ပင်

**ဂျကာတာ ဧပြီ ၂၅**

ကမ္ဘာ့အကြီးဆုံး စားအုန်းဆီထုတ်လုပ်သော နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီတင်ပို့မှုကို တားမြစ်ပိတ်ပင်လိုက်ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

အင်ဒိုနီးရှားအစိုးရသည် စားအုန်းဆီတင်ပို့မှုကို တားမြစ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သမ္မတဂျိုကိုဝီဒိုဒိုက ဧပြီ ၂၂ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

ယင်းသို့စားအုန်းဆီတင်ပို့မှုတားမြစ်ပိတ်ပင်ခြင်းသည် ပြည်တွင်းစာအုန်းဆီပြတ်လပ်မှုလျှော့ချရန်နှင့် ဈေးနှုန်းများကို ထိန်းထားရန် ရည်ရွယ်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ထို့ပြင် ကမ္ဘာလုံးဆိုင်ရာဟင်းသီးဟင်းရွက်ဆီဈေးနှုန်းများ စံချိန်တင် မြင့်တက်လျက်ရှိခြင်းကြောင့် ဆီနှင့်ဆက်စပ်ပတ်သက်သည့် ဈေးနှုန်းများ မြင့်တက်လာမည့်အရေး စိုးရိမ်မှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

ကမ္ဘာလုံးဆိုင်ရာ စားအုန်းဆီဝယ်လိုအားတိုးလာခြင်းကြောင့် အင်ဒိုနီးရှားနိုင်ငံရှိ စားအုန်းဆီဈေးနှုန်းသည်လည်း လွန်ခဲ့သည့်နှစ်ကထက် ၇၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။ ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့တွင် အဓိကထုတ်လုပ်သည့် နေကြာဆီပြတ်လပ်မှုများဖြစ်ပေါ်လျက်ရှိစဉ် အင်ဒိုနီးရှားနိုင်ငံက စားအုန်းဆီတင်ပို့မှုတားမြစ်ပိတ်ပင်မည့် ဆုံးဖြတ်ချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

# တရုတ် သွင်းကုန်၊ ထုတ်ကုန်ပြပွဲ၌ ပြည်ပမှ ကုန်ပစ္စည်းဝယ်ယူသူ စံချိန်တင်မြင့်တက်

**ကွမ်ကျိုး ဧပြီ ၂၅**

တရုတ်နိုင်ငံ ကွမ်ကျိုးမြို့၌ ကျင်းပသော တရုတ်သွင်းကုန်၊ ထုတ်ကုန်ပြပွဲတွင် နိုင်ငံနှင့်ဒေသပေါင်း ၂၂၈ ခုမှ ကုန်ပစ္စည်းဝယ်ယူသူ ၅၃၆၀၀၀ ပါဝင်ဝယ်ယူခဲ့ကြကြောင်း သိရသည်။

**ပြသရောင်းချ**

ယင်းပြပွဲအား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေမှုကြောင့် အွန်လိုင်းစနစ်ဖြင့် ဧပြီ ၁၅ ရက်မှ ၂၄ ရက်အထိ အွန်လိုင်းစနစ်ဖြင့် ပြသရောင်းချခဲ့ကြောင်း သိရသည်။

ယခုပြပွဲတွင် တရုတ်နိုင်ငံ၏ စီးပွားရေးစင်္ကြံတစ်လျှောက်ရှိ နိုင်ငံများမှ ကုန်ပစ္စည်းရောင်းဝယ်သူ ၂၉၈၁၀၀ ခန့် ပါဝင်ပြသရောင်းဝယ်ခဲ့ပြီး ယင်းပမာဏသည် အဆိုပါပြပွဲတွင် ကုန်ပစ္စည်းရောင်းဝယ်သူ၏ ၅၅ ရာခိုင်နှုန်းကျော်အား ကိုယ်စားပြုကြောင်း သိရသည်။ ယခုပြပွဲတွင် အွန်လိုင်းရှိ ကုန်ပစ္စည်းပြခန်း သုံးသန်းကျော်၌ ကုန်ပစ္စည်းအမျိုးအမည်အများအပြားကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

ယခုပြပွဲသည် အရည်အသွေးမြင့် ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေးကို အထောက်အကူပြုပြီး ကုန်ပစ္စည်းထောက်ပံ့ရေးလမ်းကြောင်းများ တည်ငြိမ်ရေးနှင့် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေး အတွက် အထောက်အကူ ပြုကြောင်း အဆိုပါပြပွဲမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဇူဘင်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၄၁၇ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း ဧပြီ ၂၅**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၄၁၇ ဦး ထပ်မံတွေ့ရှိရကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

ယခုကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများသည် နိုင်ငံအတွင်းရှိ ပြည်နယ် ၆၀ မှ ဖြစ်ကြောင်း သိရသည်။

မြို့တော်ဟနွိုင်းသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဗဟိုချက်နေရာတစ်ခုဖြစ်ကာ ဧပြီ ၂၅ ရက်တွင် ရောဂါကူးစက်ခံရသူ ၉၄၁ ဦးရှိပြီး နိုင်ငံမြောက်ပိုင်းပြည်နယ်များဖြစ်သည့် ဖူသိုး၌ ရောဂါကူးစက်ခံရသူ ၄၉၃ ဦးနှင့် ကွမ်နင်း၌ ၄၁၁ ဦးရှိကြောင်း သိရသည်။



လက်ရှိအချိန်တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၅၇၁၇၇၂ ဦးနှင့် အဆိုပါရောဂါကြောင့်သေဆုံးသူ ၄၃၀၂၁ ဦးရှိကာ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၉၀၉၂၇၆၀ ရှိသည်။ ထို့ပြင်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၁၂ ဒသမ ၆ သန်းကျော် ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၆ ဒသမ ၉ သန်းကျော်ရှိလာ

**ဆိုးလ် ဧပြီ ၂၅**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၄၃၇၀ ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူစုစုပေါင်း ၁၆၉၂၉၅၆၄ ဦး ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ဧပြီ ၂၅ ရက်တွင် ပြောကြားသည်။

ထို့ပြင် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၀ ထပ်မံ တွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၂၂၂၄၃ ဦးရှိလာကြောင်း တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။ အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက်သည် နိုင်ငံအတွင်း သေဆုံးသူ စုစုပေါင်း၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

နိုင်ငံလူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း သို့မဟုတ် ၄၄၅၃၇၆၈၈ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် လူဦးရေ ၃၃၀၆၇၀၃၃ ဦး သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၄ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ်အပိုဆောင်း ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# တရားမဝင် သစ်မျိုးစုံ၊ တိရစ္ဆာန်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များ သိမ်းဆည်းရမိ



နေပြည်တော် မေ ၂၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကလေးမြို့နယ်အတွင်း တရားမဝင်တင်ဆောင်လာသော ခိုင်းနွား ကိုးကောင် **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၇၀၀၀၀၀)** ဖမ်းဆီးရမိခဲ့ပြီး တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၄ ဒသမ ဖ၈၂၄ တန် **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၅၂၂၀)** သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခရီးသည်တင်မှန်လုံယာဉ် နှစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၄၃၀၀၀) ကိုလည်းကောင်း၊ ၂၂ ဘီး ကုန်တင်ယာဉ် တစ်စီးပေါ်၌ ဂျင်းဘောင်းဘီများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း**(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၄၃၀၀၀)** သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၅ ရက်တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၆၉၅၁၂၀)** ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၂၅

အမျိုးသမီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်စီကျခံရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျောက်တိုင်ကျေးရွာအုပ်စု ရေဆင်းကုန်းကျေးရွာနေ ဒေါ်ချို(ခ) ဒေါ်ခင်မာချိုနှင့် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၂)ရပ်ကွက်နေ ဒေါ်ငယ်(ခ) ဒေါ်ခင်နှင်းသက်တို့က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်နေ မ --၊ ၃၆ နှစ်၊ မ ---၊ ၂၁ နှစ် နှင့် မ ---၊ ၁၉ နှစ်တို့ကို တရုတ်နိုင်ငံတွင် အလုပ်ကောင်းကြောင်း၊ စီးပွားရေးအဆင်ပြေကြောင်း ပြောဆိုစည်းရုံး၍ တရုတ်ယောကျ်ားများထံ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များရယူခဲ့သဖြင့် တောင်ငူမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်း (ပ) ၃၀၉ / ၂၀၁၉ နှင့် (ပ) ၃၁၀/ ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ တို့ဖြင့် အမှုရေးဖွင့်၍ တောင်ငူခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ ဒေါ်ချို(ခ) ဒေါ်ခင်မာချိုနှင့် ဒေါ်ငယ်(ခ) ဒေါ်ခင်နှင်းသက်တို့ကို မေ ၂၀ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်စီ တစ်ပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်၊ ကြည့်မြင်တိုင်နှင့် နောင်ချိုမြို့နယ်များတွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၅

တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၃ ရက် ည ၇ နာရီတွင် ထားဝယ်မြို့ ဆင်ဆိပ်ရပ်ကွက် (၇) လမ်းတွင် သက်ဇော်(ခ) ညောင်ညောင်အား ဆိုင်ကယ် တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြားနှင့် မြန်မာငွေကျပ် ၆၈၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ည ၈ နာရီ ၁၅ မိနစ်တွင် ထားဝယ်မြို့ အိုးလုပ်ရပ်ကွက် ကမြောကင်းလမ်းရှိ ၎င်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၁၆ ပြားနှင့် အိုက်စ် သုည ဒသမ ၃၇၅ ကီလိုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ယင်းနေ့ ည ၇ နာရီ ၄၅ မိနစ်တွင် တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ထားဝယ်မြို့ ဆင်ဆိပ်ရပ်ကွက် (၇)လမ်းတွင် စန်းလွင်အား ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ ကိုလည်းကောင်း။

ထို့အတူ မေ ၂၄ ရက် နံနက် ၁၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် တောလမ်း အမှတ်(မ/၅၆)နေ မသီတာလှိုင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ နံနက် ၈ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် မန္တလေး-လားရှိုးသွားကားလမ်း မိုင်တိုင် အမှတ် (၈၀/၄)အနီးတွင် ဇော်ဝင်း(ခ)ကာဆင် မောင်းနှင်လာသော AD Van အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ " မှိုင်းမိသူမှိုင် လည်မိသူပျော် သကြာ်န်ပွဲတော်" ခေါင်းစဉ်ဖြင့် ၂၇-၄-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ပါသည်။ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့က ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲ၍ ကိုရင်ငယ် နှစ်ပါး သေဆုံးကာ ကိုရင်ငယ် တစ်ပါး ဒဏ်ရာရရှိမှု" နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၈၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၄-၂၀၂၂ အင်္ဂါနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောရှာ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ဒီမိုကရေစီ ဆိုရာဝယ် |
| ၀၉:၁၀ | ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ် |
| ၀၉:၄၀ | သတိပြုကာကွယ် ငှက်ဖျားရောဂါအန္တရာယ် |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | ဝင်ငွေသေချာ ရွှေနေကြာ |
| ၁၁:၂၀ | ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင် အစီအစဉ် |
| ၁၃:၃၀ | MRTV National News |
| ၁၅:၅၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'ဘတောဝါနေ့ဘာရီသတိ' |
| ၁၆:၃၅ | ကလောင်စွမ်းဖြင့် ဥက္ကာ်အလင်းတံခါး ဖွင့်ပေးကြသူများ |
| ၁၇:၁၀ | ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး |
| ၁၇:၃၅ | မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော် |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ငအောင်ပွဲပတ္တိုင်ရင်ဆိုင်ချိတက်' (အပိုင်း-၂၉) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးဖြတ်ကျော်စုံစမ်းငတ်ထုတ်' (အပိုင်း-၁၄) |
| ၂၂:၀၅ | ရုပ်မြင်သံကြားဇာတ်လမ်း 'ထဝင်းဝိုင်း' |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike) |
| 07:08 | Products of Myanmar - Kachin Traditional Knife |
| 07:19 | Wet Markets of Yangon: Thirimingalar Market |
| 07:28 | Secret Recipes by Gourmet Chefs (Thai) |
| 08:01 | Introductory Programme of Literary Award Winners: Maung Nai (Dathanika) |
| 08:16 | Mekong-Lancang Cooperation: Puppet Festival (30~31.3.2022) |
| 08:20 | Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of China |
| 08:27 | Great Shwedagon - Auspicious Grounds And Devotional Posts |
| 08:40 | Family of Toys |
| 09:01 | News |
| 09:26 | Global Partnership for Brighter Future: Singapore Pavilion at Expo 2020 Dubai |
| 09:34 | Myanmar Puppeteers (Ogre Dance) |
| 09:42 | Making Of Nawarat Rings |

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကျန်းမာရေးအတွက်ကြံရည်တစ်ခွက်

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
စားလို့ကောင်းတဲ့သပြေသီးတာလပေါ့

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
သင်မယ်၊ ရေးမယ်၊ တို့ချင်းစာ (အပိုင်း-၁၅)

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ညောင်စေးပြုလုပ်ခြင်း

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
သွားလည်ကြမယ် ဇင်းကျိုက်ရေတံခွန်ဆီ

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရေချသုပ်

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ရှေးဟောင်းဗိသုကာလက်ရာစုံလင်ရာ ရွှေအင်းတိန်ဘုရား

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဝညီနောင်တို့ရဲ့ညီးခြားကမ္ဘာလေးဆီသို့ (အပိုင်း-၂)

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
မြန်မာ့မြေမှ စိုက်ပျိုးစီးပွား လူမှုဘဝများ

**ကယား (၂၀:၀၀ မှ ၂၁:၀၀)**
စားချင်စဖွယ်တို့ရိုးရာဟင်း

**ဝကေကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ပဲခူးအနောက်ဘက်ဒေသ၏ ကရင်ရိုးရာရက်ကန်းရက်လုပ်ခြင်း

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၄၅ | အနုပညာအသိုက်အမြုံ ရွှေညာမြေကရုပ်စုံ |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ငပေငွေးချယ်မှု' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁) |
| ၁၁:၀၀ | PR SYSTEM ရှင်းလင်းပွဲ |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၁) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၅ | တာဝန်ကျေနေတဲ့စိုက်ပျိုးရေးမြို့ကလေးပင်းတယ |
| ၀၇:၃၅ | ငါးရှဉ့်မွေးမြူပုံနည်းစနစ်အစ |
| ၀၇:၅၀ | တောင်သူ့ဘဝသုတကဏ္ဍ |
| ၀၈:၃၀ | ပိုးစာစိုက်ပျိုးဝင်ငွေတိုး |
| ၀၉:၂၀ | စက်မှုလယ်ယာပညာရှာ ခေတ်မီစိုက်ပျိုးပြည့်အကျိုး |
| ၀၉:၄၅ | GAP အဆင့်မြင့် ဟင်းသီးဟင်းရွက် စံပြစိုက်ခင်း |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

SCAN ME
Education Channel ကို ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။


ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းတို့ကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဘုန်းတော်ပြည့်ကျေးရွာနေ ဝေဖြိုးသန့်(ခ)ဝေယံဦးသည် ၎င်းအသုံးပြုသည့် “Wai Phyo Thant” Facebook အကောင့်၊ ပခုက္ကူမြို့နယ် ကမ္မမြို့ အမှတ်(၁)ရပ်ကွက်နေ စိန်ဌေးသည် ၎င်းအသုံးပြုသည့် “Sein Htay” Facebook အကောင့်၊ ပခုက္ကူမြို့နယ် အမှတ်(၁၂)ရပ်ကွက်နေ လှမြင့် (ခ)လှမြင့်အောင်သည် ၎င်းအသုံးပြုသည့် “Hla Myint” Facebook အကောင့်၊ ပခုက္ကူမြို့နယ် အမှတ် (၁၂)ရပ်ကွက်နေ နွယ်နီအောင်သည် ၎င်းအသုံးပြုသည့် “New Ni Aung” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၅)နေ မဆုမြတ်နိုး(ခ)ကစ်ကစ်သည် ၎င်းအသုံးပြုသည့် “Su Myat Noe” Facebook အကောင့်၊ အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်နေ မြင့်ကျော်(ခ)အောင်အောင်မိုးသည် ၎င်းအသုံးပြုသည့် “Myint Kyaw” Facebook အကောင့်နှင့် မွန်ပြည်နယ် ရေးမြို့နယ် ရန်မျိုးအောင်ရပ်ကွက်နေ ကျော်ဇင်လတ်(ခ)မောင်ညိုသည် ၎င်းအသုံးပြုသည့် “Mg Nyo” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းတို့ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်သမားများအား လက်နက်/ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု




■ **ကျောဖုံးမှ**

ဧပြီ ၈ ရက် ညပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အောင်ချမ်းအေးရပ်ကွက်နေ **စည်သူ(ခ) ဆိတ်ကြီး** ၄၀ နှစ်၊ ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ **အောင်ကျော်မိုး (ခ)မိုးမိုး** ၃၈နှစ်နှင့် အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်ကွက် အကွက်အမှတ် (၅၂)နေ **အောင်ထွန်းလင်း(ခ)ပါပူး** ၄၄ နှစ်တို့ သုံးဦးကို ၉ မမ ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ကျည် ၄၁ တောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်မိုင်း နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဧပြီ ၉ ရက် နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက်ရှိ Yadanarpon Dynasty Hotel ၌ **ကျော်စွာလင်း(ခ)တာရာ** ၃၂ နှစ်နှင့် **ဝတ်ရည်ချို** ၂၁ နှစ်တို့ နှစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်ရှိ **ကျော်စွာလင်း(ခ) တာရာ** ငှားရမ်းထားသောနေအိမ်၌ KA-25 သေနတ် တစ်လက်၊ လက်လုပ်သေနတ် တစ်လက်၊ ကျည်အိမ် ခုနစ်ခု၊ ကျည်မျိုးစုံ ၃၂၆ တောင့်၊ အီနာဂါဗုံးသီး ၂၅ လုံး၊ လက်ပစ်ဗုံး ငါးလုံး၊ လက်လုပ်မိုင်း ခြောက်လုံး၊ ဒီတိုနေတာ ၃၇၅ ချောင်း၊ Keypad ဖုန်း ၂၀၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဧပြီ ၁၂ ရက် နံနက်ပိုင်းတွင် ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာ (၁၆)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တရားခံ **အာကာဖြိုး**(၂၃)နှစ်ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **အာကာဖြိုး**၏ထွက်ဆိုချက်အရ ဧပြီ ၁၄ ရက် ညနေပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ၆၉ လမ်း၊ (ဆ/၄)ရပ်ကွက်ရှိ အိမ်အမှတ်(၁၁၂)၌ **ဝေလင်းအောင်(ခ)အောင်လေး** ၁၉ နှစ်၊ **ခိုင်မြင့်မြင့်(ခ)ခိုင်ခိုင်** ၂၁ နှစ်တို့ နှစ်ဦးကို လက်လုပ်မိုင်း နှစ်လုံး၊ ကျည်ကာအင်္ကျီ ငါးထည်၊ Keypad ဖုန်း နှစ်လုံးတို့ဖြင့်လည်းကောင်း၊ ယင်းနေ့ညပိုင်းတွင် ပြည်ကြီးတံခွန်မြို့နယ် (၁၁၃ x ၁၁၄) လမ်းကြား၌ **အောင်ပြည့်ဖြိုး(ခ)တံခွန်** ၂၆ နှစ်ကို လက်လုပ်သေနတ် နှစ်လက်၊ ပြောက်ကျား ယူနီဖောင်း သုံးစုံ၊ ကျည်ကာအင်္ကျီ တစ်ထည်တို့ဖြင့်လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

**စာမျက်နှာ ၁၆ သို့ ❍**



၂၀၂၂ ခုနှစ် ဧပြီ ၉ ရက်တွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်ရှိ နေအိမ်၌ သိမ်းဆည်းရမိသည့် လက်နက်/ ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။

❍ စာမျက်နှာ ၁၅ မှ

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ မေ ၂၀ ရက် ညပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ၁၀၉ (အေ)လမ်း ၅၃ x ၅၄ လမ်းကြားရှိ နေအိမ်၌ **မျိုးသီဟ(ခ) ရှောင်ကြီး** (၂၂)နှစ်၊ **ကျော်ဇင်ထွန်း(ခ)ကြောင်ကြီး**(၁၉)နှစ်၊ **ပြည့်စိုးခန့်**(၁၉)နှစ်နှင့် **သီဟဇော်** (၁၇)နှစ်တို့ လေးဦးကို KA-25 သေနတ် သုံးလက်၊ ကျည်အိမ်ရှစ်ခု၊ ကျည်မျိုးစုံ အတောင့် ၃၆၀၊ ၁၀၇ မမ ရှော့တိုက်ဒုံးသီး တစ်လုံး၊ ဆေးပစ္စည်းမျိုးစုံထည့်ထားသည့် ပီနံအိတ် ၂၇ အိတ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ဖမ်းဆီးရမိတရားခံ အမျိုးသား ၁၁ ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၃ ဦးကို KA-25 သေနတ် လေးလက်၊ ကိုးမမပစ္စတိုတစ်လက်၊ လက်လုပ်သေနတ်နှစ်လက်၊ ကျည်အိမ်မျိုးစုံ ၁၆ ခု၊ ကျည်မျိုးစုံ ၇၂၇ တောင့်၊ လက်ပစ်ဗုံး ခြောက်လုံး၊ အီနာဂါဗုံးသီး ၂၅ လုံး၊ ၁၀၇ မမ ရှော့တိုက်ဒုံးသီး တစ်လုံး၊ လက်လုပ်မိုင်းမျိုးစုံ ၁၀ လုံး၊ ဒီတိုနေတာ ၃၇၅ ချောင်း၊ ကျည်ကာအင်္ကျီ ခြောက်ထည်၊ ပြောက်ကျားယူနီဖောင်း သုံးစုံ၊ Keypad ဖုန်း ၂၂ လုံး၊ ဆေးပစ္စည်းမျိုးစုံထည့်ထားသည့် ပီနံအိတ် ၂၇ အိတ်နှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက် အရ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် **ကျော်စွာလင်း(ခ)တာရာ၊ အောင်ကျော်မိုး (ခ)မိုးမိုး၊ ဝတ်ရည်ချို** နှင့် ဖမ်းဆီးရန်ကျန် တရားခံ ရှီခါ(ခ)Shika ၊ အေးငုဝါခိုင်(ခ) မတောက် တို့သည် ဖမ်းဆီးရန်ကျန် တရားခံ **သန်းမြတ်စိုး(ခ)မုန်တိုင်း**၏ ချိတ်ဆက်ခေါ်ဆောင်မှုဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ပန်ဝိုးလေးကျေးရွာအနီး၌ TNLA အဖွဲ့ တပ်မဟာ(၂)တွင် အကြမ်းဖက်ဖောက်ခွဲရေးသင်တန်း တစ်လတက်ရောက်ခဲ့ကြောင်း၊ သင်တန်းဆင်းပြီးနောက် မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်စေလွှတ်ပြီး အကြမ်းဖက်ဖောက်ခွဲရေး လုပ်ငန်းများဆောင်ရွက်ရန် **သန်းမြတ်စိုး(ခ)မုန်တိုင်း**က စေခိုင်းခဲ့ခြင်းဖြစ်ပြီး လိုအပ်သည့် လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေး ပစ္စည်းများကိုလည်း ပို့ဆောင်ပေးခဲ့ကြောင်း ဖော်ထုတ်သိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **စည်သူ(ခ)ဆိတ်ကြီး၊ အောင်ကျော်မိုး (ခ)မိုးမိုး၊ ထွန်းလင်း(ခ)ပါပူး၊ ကျော်စွာလင်း(ခ)တာရာ၊ ဝတ်ရည်ချို**တို့သည် မန္တလေးမြို့ရှိ ဖွဲ့ထက်ရွှေဆိုင်အား ဓားပြတိုက်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နန္ဒမြောက်ရွာရှိ ဖမ်းဆီးရန်ကျန် တရားခံ **ဝင်းဘို** ပိုင်ဆိုင်သည့် ဘဲခြံအတွင်း၌ သုံးရက်ဆက်တိုက် လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည့်အပြင် ဖမ်းဆီးရန်ကျန် တရားခံ **ရှီခါ(ခ)Shika** နှင့် **အေးငုဝါခိုင်(ခ)မတောက်** တို့ ခေါင်းဆောင်၍ ရတနာပုံဥယျာဉ်ဖွင့်ပွဲ အခမ်းအနားပြုလုပ်မည့်နေ့နှင့် သင်္ကြန်ကာလအတွင်း မန္တလေးမြို့အတွင်း၌ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ရန်စီစဉ်နေစဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း၊ ဆေးပစ္စည်းမျိုးစုံထည့်ထားသည့် ပီနံအိတ် ၂၇ အိတ်မှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ်အတွင်း လှုပ်ရှားနေသည့် TNLA အဖွဲ့ တပ်မဟာ (၂)သို့ ရောက်ရှိနေသော ဖမ်းဆီးရန်ကျန် တရားခံ **သန်းမြတ်စိုး(ခ)မုန်တိုင်း** ထံပို့ဆောင်ရန် ဝယ်ယူစုဆောင်းထားခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ပေးအပ်ချီးမြှင့်လျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

သတင်းစဉ်





၂၀၂၂ ခုနှစ် မေ ၂၀ ရက်တွင် ချမ်းမြသာစည်မြို့နယ် ၁၀၉(အေ)လမ်း ၅၃ x၅၄ လမ်းကြား၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများနှင့် ဆေးပစ္စည်းများထည့်ထားသည့် ပီနံအိတ် ၂၇ အိတ်၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် မေ ၈ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် မေ ၁၄ ရက်တွင် ချမ်းမြသာစည်မြို့နယ် ၆၉ လမ်း(ဆ/၄) ရပ်ကွက် အိမ်အမှတ် (၁၁၂)၌ သိမ်းဆည်းရမိခဲ့သည့် ဖောက်ခွဲရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် မေ ၁၄ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် ၁၁၃x၁၁၄ လမ်းကြား၌ သိမ်းဆည်းရမိသည့် လက်လုပ်သေနတ်နှစ်လက်နှင့် ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

# ယခုနှစ်ပေါ်ဦးပေါ်ဖျားထွက်ရှိသည့် စိန်တလုံးသရက်သီးများ အထွက်နှုန်းနည်းပါးသည့်အတွက် ဈေးကောင်းများရရှိ

**မန္တလေး မေ ၂၅**

ယခုနှစ်ပေါ်ဦးပေါ်ဖျားထွက်ရှိလာသည့် စိန်တလုံးသရက်သီးများ အထွက်နှုန်းနည်းပါးသည့်အပြင် တရုတ်ဈေးကွက်ပို့ရန် နယ်စပ်လမ်း



ပိုင်းမဖွင့်သေးသောကြောင့် ပြည်တွင်းဈေးကွက်၌ ဈေးကောင်းများရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး)မှ အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောသည်။

**အရောင်းအဝယ်ဖြစ်နေ**

လက်ရှိတွင် စိန်တလုံးသရက်အိတ်စွပ်သီး ၁၆ ကီလိုဂရမ် တစ်ခြင်းလျှင် ငွေကျပ် ၃၃၀၀၀ မှ ၃၅၀၀၀ ဝန်းကျင်ဖြင့် ရောင်းချနေပြီး ကြွေကျသရက်သီးများကို အရည်အသွေးအလိုက် တစ်တန်လျှင် ငွေကျပ်သုံးသိန်း မှ ငါးသိန်းဖြင့် ပြည်တွင်းဈေးကွက်၌ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေ ၁၈ ရက်ညပိုင်းက မန္တလေးမြို့နဲ့ အနီးပတ်ဝန်းကျင်တွေမှာ လေပြင်းတိုက်ခတ်ခဲ့လို့ သရက်သီးကြွေကျတာတွေများပြီး ယခင်နှစ်ထက် အထွက်နှုန်းလျော့ကျနိုင်ပါတယ်။ လေတိုက်လို့ ၁၀ ရာခိုင်နှုန်းကျော်နဲ့ ပိုးမွှားကြောင့် ၁၀ ရာခိုင်နှုန်းကျော်ဆိုတော့ အထွက်နှုန်းက အရင်နှစ်ထက် ၃၀ ရာခိုင်နှုန်းလောက်လျော့နိုင်ပါတယ်။ တရုတ်နယ်စပ်လမ်းပိုင်းက မပွင့်သေးဘူး။ ဒီအနေအထားအရ ပြည်တွင်းဈေးကွက်ကို အဓိကအားထားရမလို ဖြစ်နေတယ်။ ပေါ်ဦးပေါ်ဖျားစိန်တလုံးကတော့ ဈေးကောင်းရနေတယ်"ဟု ၎င်းကပြောသည်။

**ရန်ကုန်ဘက်ပို့နေ**

မတ္တရာမြို့နယ်မှ သရက်ခြံပိုင်ရှင် ကိုသန်းကလည်း "လေပြင်းတိုက်တုန်းက ကျွန်တော့်သရက်ခြံသုံးခြံမှာ နှစ်ခြံက တစ်ဝက်လောက် အသီးတွေကြွေကျတယ်။ လေကာရှိတဲ့ သရက်ခြံတချို့တော့ အသီးကြွေတာသက်သာမှာပါ။ လေနဲ့အတူ မိုးရွာလို့ကျန်ခဲ့တဲ့ အသီးတွေက လှလာမယ်။ ကျွန်တော်တို့ဘက်က စိန်တလုံးတွေ ရန်ကုန်ဘက်ပို့နေရပြီ။ အိတ်စွပ်ဆိုရင် အနည်းဆုံး ငွေကျပ် ၃၀၀၀၀ နဲ့ အများဆုံး ၃၅၀၀၀ လောက်ရတယ်"ဟု ပြောသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လူတိုင်းညီညာပါဝင်ပေး

## အောင်ထက်လင်း (ကြိမ်ချောင်း)

ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံအများစုတွင် စီးပွားရေးအခက်အခဲကြုံတွေ့နေသကဲ့သို့မြန်မာနိုင်ငံတွင်လည်း ကြုံတွေ့ခဲ့ရသည်။ မြန်မာတို့ ကံကောင်းသည်မှာ စားဝတ်နေရေးအခြေခံဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှာ ကျေးလက်နေပြည်သူလူထု ၇၀ ရာခိုင်နှုန်းခန့် ရှိနေသည့်အတွက် မြန်မာပြည်၏ စားရေရိက္ခာဖူလုံရေးမှာ ပူပင်သောကဖြစ်ဖွယ်မရှိသည့် အနေအထား ဖြစ်သည်။

**နည်းပညာအသုံးပြု ထုတ်လုပ်နိုင်ရေး**

ထိုလုပ်ငန်းများကို ပိုမိုတိုးတက်အောင် နည်းပညာအသုံးပြုထုတ်လုပ်နိုင်ရေးကိုလည်း နိုင်ငံတော်အစိုးရနှင့် တောင်သူလယ်သမားကြီးများ ကြိုးစားလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းတွင် အထွက်နှုန်းတိုးစေရန် မျိုးကောင်းမျိုးသန့်ရရှိရေး၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာပေါင်းစပ်ပြီး ကောင်းမွန်သောစိုက်ပျိုးမြေများ ဖော်ထုတ်ရေး၊ စိုက်ပျိုးရေရရှိရန် ဆောင်ရွက်ရေးနှင့် ကောင်းမွန်သောနည်းပညာ ဖြစ်သည့် စိုက်နည်းစနစ်များ ရရှိရေးတို့ကို လုပ်ဆောင်လျက်ရှိသည်။

ဒေသတွင်း စားနပ်ရိက္ခာဖူလုံနိုင်ရေးနှင့် ပြည်ပသို့ ယခင်ကထက် ပိုမိုတင်ပို့နိုင်ရေးကို အစိုးရအနေဖြင့် အလေးထားလုပ်ဆောင်လျက်ရှိရာတွင် အဓိကမှာ ခေတ်မီနည်းပညာဖြစ်သည်။ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများ ပေါ်ထွက်လာစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသော စိုက်ပျိုးမွေးမြူရေးကျောင်းများကိုလည်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကထားဦးစားပေးလုပ်ကိုင်နေသော စိုက်ပျိုးရေးမှထွက်ရှိသော ကုန်ပစ္စည်းများမှာ လူသားတို့နေ့စဉ်စားသုံးနေကြရသည်ဖြစ်ရာ လူသားတို့အတွက် မရှိမဖြစ်၊ မသုံးမဖြစ်သောပစ္စည်းများကို မြန်မာနိုင်ငံက အဓိကထားထုတ်လုပ်နေခြင်းဖြစ်သည်။ ထိုလုပ်ငန်းကို အအောင်မြင်ဆုံးဖြစ်အောင် လုပ်ဆောင်နိုင်မည်ဆိုလျှင် ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပသို့ ပို့ကုန်အဖြစ်တင်ပို့နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းကို အလုံအလောက်ရှိထားပြီးဖြစ်သော မြေအားလုံးတွင် စိုက်ပျိုးခြင်း၊ စိုက်ပျိုးရာတွင် ရေလိုအပ်ပါက ရေလုံလောက်စွာရရှိရေး စီမံဖန်တီးခြင်းများပြုလုပ်ကာ စိုက်ပျိုးရေးကို ပိုမိုလုပ်ဆောင်နိုင်မည်ဆိုလျှင် ရေလုံလောက်စွာရရှိရေး အခွင့်အလမ်းလည်း များစွာပေါ်ထွက်လာမည်ဖြစ်သည်။

လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းသည် လူငယ်တို့၏ဘဝတိုးတက်ရေးကို မြှင့်တင်ပေးခြင်းဖြစ်သည်။ ထိုအခွင့်အလမ်းများရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များက အင်တိုက်အားတိုက် တိုးတက်အောင် စွမ်းဆောင်ကြရမည်ဖြစ်သည်။ လူမှုစီးပွားမြင့်မားလာမည့်အပြင် နိုင်ငံတော်၏ စီးပွားရေးသည် တိုးတက်လာမည်ဖြစ်သည်။

ပြည်ပပို့ကုန်များပြားစွာ ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားငွေများ ရရှိလာပြီး နိုင်ငံတည်ဆောက်ရေး၊ တိုးတက်ရေးလုပ်ငန်းများကို အကျိုးပြုမည်ဖြစ်သည်။ စိုက်ဧကအားလုံးတွင် သီးထပ်စိုက်ပျိုးရန်အတွက် ရေရရှိမှုနည်းပါးသော နွေရာသီကာလတွင် စိုက်ပျိုးရေရရှိရေးကို နည်းပညာအသုံးပြုစိုက်ပျိုးမည်ဆိုပါက အဆင်ပြေမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်နေပြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် ဖြစ်သည်။ ဒေသနှင့်ကိုက်ညီသည့် ရာသီသီးနှံများကို စိုက်ပျိုးခြင်း၊ နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားမှ ရရှိသော လျှပ်စစ်စွမ်းအင်ကို အသုံးပြု၍ မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ခြင်းတို့ကို ပိုမိုလုပ်ဆောင်နိုင်မည်ဆိုပါက နွေရာသီ၌ပါ စိုက်ပျိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ကြမည် ဖြစ်သည်။

အစိုးရအနေဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီလျက်ရှိပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ မိမိတာဝန်ယူ လုပ်ဆောင်နေရသော မည်သည့် လုပ်ငန်းတာဝန်ကိုမဆို စေတနာ၊ မေတ္တာထားရှိကာ လုပ်ဆောင်မည်ဆိုလျှင် လုပ်ငန်းအောင်မြင်မည်ဖြစ်သည်။

**သုတေသနနည်းလမ်းသစ်များ**

စိုက်ပျိုး မွေးမြူရေးကဏ္ဍသည် တိုးတက်မြင့်မားရေးအတွက် တီထွင်ကြံဆနည်းလမ်းရဆိုသကဲ့သို့ ပညာရှင်များအပိုင်းကလည်း သုတေသနနည်းလမ်းသစ်များကို ဖော်ထုတ်နေကြရသကဲ့သို့ ထိုသုတေသနနည်းလမ်းအတိုင်း လက်တွေ့လုပ်ငန်းခွင်တွင် ဖြစ်ထွန်းနိုင်အောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် မြေပေါ်များသကဲ့သို့ ရေလည်းပေါ်များသည့်နိုင်ငံဖြစ်ရာ နည်းပညာအဆင့်အတန်း မြင့်မားအောင်လုပ်ဆောင်ပြီး အောင်မြင်အောင် တက်ညီလက်ညီ အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ယနေ့အချိန်တွင် နေရာဒေသမရွေး လမ်းပန်းဆက်သွယ်ရေးများ ချောမွေ့လာခဲ့သကဲ့သို့ ကျေးလက်တောရွာများသည်လည်း မြို့ပြကို အမှီပြု၍ တိုးတက်လာခဲ့ကြသည်ကို တွေ့ရှိရသည်။

အစိုးရအနေဖြင့် ဦးစားပေးလိုအပ်လျက်ရှိသည့် ဒေသများအတွက် ကျေးလက် ကုန်ထုတ်လမ်းများကို ဖောက်လုပ်ပေးလျက်ရှိပြီး မြို့ပြများတွင်လည်း မြို့ပြအဆင့်နှင့် လျော်ညီစေမည့်လမ်းများကို ဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို နိုင်ငံတစ်ဝန်း ဆောင်ရွက်လျက်ရှိသည်ကို အားရဖွယ်တွေ့နေရသည်။

**လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်း၏ တန်ဖိုး**

လူငယ်များသည် တန်ဖိုးဟူသော စကားလုံး၏အဓိပ္ပာယ်ကို နားလည်တတ်ကြရန် အရေးကြီးသည်။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်း၏ တန်ဖိုးကို အလေးထားတတ်ကြရန်လိုသည်။ ယခုခေတ်တွင် ကောင်းမွန်သော လမ်း၊ ကောင်းမွန်သော ဆက်သွယ်မှုများ အဆင်သင့်ရှိနေခြင်းကြောင့် ရှေးကလူများထက် သင်ကြားမှု၊ သင်ယူမှုအခွင့်အလမ်းများ တိုးတက်ကောင်းမွန်ခဲ့ပြီဖြစ်သည်။ သမိုင်းကြောင်းကို အမှန်တရားဘက်မှ စေ့စပ်သေချာစွာ လေ့လာပြီး မည်သည့်ခေတ်ကာလတွင် မည်သို့တိုးတက်မှုများရှိခဲ့သည်ကို ဆင်ခြင်သတိပြုကြရမည်။ ကောင်းမွန်သော အမျိုးသားရေး အသိစိတ်ဓာတ် ခံယူချက်များဖြင့် လိုက်ပါလုပ်ဆောင်ရန် လိုအပ်သည်။ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးကဏ္ဍနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသာ အချိန်နှင့်တစ်ပြေးညီ ဆေးဝါးကုသမှု ခံယူနိုင်မည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော၊ လျှပ်စစ်မီးများ လုံလုံလောက်လောက်မရခဲ့သော၊ ရုပ်ဝတ္ထုပစ္စည်းများ ယနေ့ခေတ်ကဲ့သို့ မထွန်းကားခဲ့သော အချိန်ကာလတွင် မွေးဖွားကြီးပြင်းခဲ့သော တိုင်းသူပြည်သားတို့၏အားဖြင့် နိုင်ငံတော်ကြီးကို ဘက်စုံတိုးတက်ထွန်းကားအောင် ကြံဆောင်နေကြသည်။ အခြေခံလူမှုဘဝများ ပိုင်ဆိုင်ထားပြီးသော မျိုးဆက်သစ်များသည် ဖွံ့ဖြိုးမှုများကို ဆက်လက်ရှင်သန်အောင် ကြိုးစားအားထုတ်ရန်လိုသည်။

**အနာဂတ်လူမှုဘဝများကို ပုံဖော်**

မြန်မာပြည်တစ်ဝန်း ဆက်သွယ်ဖောက်လုပ်ထားသော ဖြောင့်ဖြူးညီညာသည့် ပြည်ထောင်စုလမ်းမကြီးများနှင့် ခရိုင်ချင်းဆက်လမ်းသွယ်များ၊ ကျေးလက်ကုန်ထုတ်လမ်းများကို တွေ့ရသည့်အခါ တိုင်းပြည်ရှေ့ရေးအတွက် များစွာအားရဝမ်းသာဖြစ်သည်။ တစ်ဖက်တွင်လည်း အဆိုပါလမ်းများထက် တားမြစ်ချက်ကိုကျော်လွန်ပြီး သံဘီးတပ်ယာဉ်များ မောင်းနှင်ခြင်း၊ ကျွဲ၊ နွားများ လွှတ်ကျောင်းခြင်း၊ ဝန်ပိုတင်မောင်းနှင်ခြင်း၊ ကားပေါ်မှ ကွမ်းသွေး၊ ပလတ်စတစ်အမှိုက်များ ကြုံသလို စွန့်ပစ်ခဲ့ခြင်းများနှင့် ပိုဆိုးသည့်အပြုအမူများအတွက် ကိုယ်စီတာဝန်ကျေကြရန် လိုအပ်သည်။ တိုးတက်ပြောင်းလဲလာသည့် ဆက်သွယ်မှုစနစ်များကို အသုံးချလျက် ပိုမိုတောက်ပသော အနာဂတ်လူမှုဘဝများကို ပုံဖော်သွားကြရမည်ဖြစ်သည်။

ပြည်သူ့ဘဏ္ဍာများဖြင့် တည်ဆောက်ထားသော လမ်းတံတားများကို ပြည်သူများက စည်းကမ်းရှိရှိ ရိုရိုသေသေအသုံးပြုကြရမည်ဖြစ်သည်။ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများအနေဖြင့် ကြီးသည်၊ ငယ်သည်မခွဲဘဲ စည်းကမ်းရှိမှုနှင့်အတူ ကိုယ်ကျင့်တရားများကို အလေးထားတတ်ကြမည်ဆိုပါလျှင် နိုင်ငံတော်ကြီး သူများနောက်ကျန်ခဲ့စရာ အကြောင်းမရှိပါပေ။

**တိုးတက်နေသော နိုင်ငံများ၏ လူနေမှုစနစ်များ**

တိုးတက်နေသော နိုင်ငံများ၏ လူနေမှုစနစ်များကို အားကျနေရုံ၊ ပါးစပ်ကသာ ဒီမိုကရေစီဟု ကြွေးကြော်နေရုံမျှနှင့်မပြီးဘဲ ကောင်းမွန်သည့်အပြုအမူနှင့် နိုင်ငံကြီးသားပီသသည့် စရိုက်လက္ခဏာများကိုပါ အားကျအတုယူတတ်ရန်လိုသည်။

မြန်မာဟူသောစိတ်ဖြင့် မြန်မာ့အားကစားပွဲများ၊ မြန်မာ့အားကစားသမားများကို အားပါးတရအားပေးသည်မှာ အမျိုးသားရေးစိတ်ဓာတ်ကောင်းပင်ဖြစ်သည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဟူသော ဝေါဟာရကို တိတိကျကျနားလည်ရန် လိုသည်။

အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်း အခြေခံအကျဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသော ဘက်စုံလွှမ်းခြုံသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပေါ် အားသွန်ခွန်စိုက် ဆောင်ရွက်နေချိန်တွင် ပြည်သူများကလည်း ရင့်ကျက်သော အသိတရားများဖြင့် ပူးပေါင်းပါဝင်သွားကြရမည်ဖြစ်ပြီး နှစ်သစ်စိတ်သစ်လူသစ်ဖြင့် ဖွံ့ဖြိုးသာယာသော နိုင်ငံတော်ကြီးကို ဖန်တီးနိုင်ပါစေကြောင်း ရေးသားလိုက်ရပါသည်။ ။

■

❖ **လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းသည် လူငယ်တို့၏ဘဝတိုးတက်ရေးကို မြှင့်တင်ပေးခြင်းဖြစ်သည်။ ထိုအခွင့်အလမ်းများ ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပညာရှင်များ၊ လုပ်ငန်းရှင်များက အင်တိုက်အားတိုက် တိုးတက်အောင် စွမ်းဆောင်ကြရမည်ဖြစ်သည်။ လူမှုစီးပွားမြင့်မားလာမည့်အပြင် နိုင်ငံတော်၏စီးပွားရေးသည် တိုးတက်လာမည်ဖြစ်**

❖ **သမိုင်းကြောင်းကို အမှန်တရားဘက်မှ စေ့စပ်သေချာစွာလေ့လာပြီး မည်သည့်ခေတ်ကာလတွင် မည်သို့တိုးတက်မှုများရှိခဲ့သည်ကို ဆင်ခြင်သတိပြုကြရမည်။ ကောင်းမွန်သော အမျိုးသားရေးအသိစိတ်ဓာတ်ခံယူချက်များဖြင့် လိုက်ပါလုပ်ဆောင်ရန်လိုအပ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၄ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၅-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၉၂၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၀၇,၆၇၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၂,၇၇၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၃) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၁,၆၆၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

သို့ဖြစ်ပါ၍ (၃-၄-၂၀၂၂) ရက်နေ့မှစ၍ ယနေ့အထိ (၂၃) ရက် ဆက်တိုက် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှုနှုန်းမှာ (၁) ရာခိုင်နှုန်းအောက်သို့ လျော့နည်းလျက်ရှိနေပါကြောင်းနှင့် (၇-၄-၂၀၂၂) ရက်နေ့မှစတင်၍ ယနေ့အထိ (၁၉) ရက်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ခြောက်လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

### (၂၅-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၀၇) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၈) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၇) ခု | (၁)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၈၃၈) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၇၁) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၀၁၈) ခု | (၁၁) ဦး |
| စုစုပေါင်း | (၈,၉၂၂) ခု | (၂၁) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၆၆၂၇၄၈ | ၈၀၄၆၅၃၅၁ | ၁၀၁၈၃၃၅ |
| ၂။ | အိန္ဒိယ | ၄၃၀၆၀၀၈၆ | ၄၂၅၂၁၃၄၁ | ၅၂၂၂၃ |
| ၃။ | ဘရာဇီး | ၃၀၃၄၉၄၆၃ | ၂၉၃၈၄၃၅၄ | ၆၆၂၇၀၁ |
| ၄။ | ပြင်သစ် | ၂၈၃၀၃၉၃၁ | ၂၅၈၈၀၄၄၀ | ၁၄၅၀၆၀ |
| ၅။ | ဂျာမနီ | ၂၄၁၄၀၇၀၀ | ၂၁၄၂၅၂၀၀ | ၁၃၄၆၄၆ |
| ၆။ | ဗြိတိန် | ၂၁၉၃၃၂၀၆ | ၂၀၈၇၅၀၆၃ | ၁၇၃၃၅၂ |
| ၇။ | ရုရှား | ၁၈၁၄၄၇၈၈ | ၁၇၄၈၃၄၈၃ | ၃၇၅၀၆၁ |
| ၈။ | တောင်ကိုရီးယား | ၁၆၉၂၉၅၆၄ | စိစစ်ဆဲ | ၂၂၂၄၃ |
| ၉။ | အီတလီ | ၁၆၁၃၆၀၅၇ | ၁၄၇၂၉၂၀ | ၁၆၂၆၈၈ |
| ၁၀။ | တူရကီ | ၁၅၀၁၈၅၄၇ | ၁၄၈၇၀၄၂၂ | ၉၈၆၉၁ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၅၆၃၅၀၂ | ၉၀၈၆၀၇၅ | ၄၃၀၁၃ |
| ၂။ | အင်ဒိုနီးရှား | ၆၀၄၄၆၇ | ၅၈၇၅၀၈၃ | ၁၅၆၁၃၃ |
| ၃။ | မလေးရှား | ၄၄၃၁၀၇၃ | ၄၃၂၀၈၂ | ၃၅၄၉၉ |
| ၄။ | ထိုင်း | ၄၁၈၀၈၆၈ | ၃၉၇၈၄၆၉ | ၂၇၉၀၂ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၄၇၁၂ | ၃၆၁၁၈၇၉ | ၆၀၁၉၄ |
| ၆။ | စင်ကာပူ | ၁၁၈၂၁၆၈ | ၁၁၁၂၇၆၂ | ၁၃၂၅ |
| ၇။ | မြန်မာ | ၆၁၂၇၇၀ | ၅၉၁၆၆၆ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၅၉၇၅ | ၂၀၃၄၁၁ | ၇၃၄ |
| ၉။ | ဘရူနိုင်း | ၁၄၁၂၆၉ | ၁၄၀၀၅၂ | ၂၁၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၂၈ | ၁၃၂၉၄၅ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၅

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ Dry Imaging Film ၁၁၆ ခု၊ Dialyzer ၁၁၇ ခု၊ Hemodialysis Blood Tubing Set ၄၁၈ ခုနှင့် ဆေးဝါးမျိုးစုံ ၁၂ မျိုး စုစုပေါင်း ၁၂၈၉၅၄ ဒသမ ၄၄ ကီလိုဂရမ်၊ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီတစ်ခုမှ Disposable Syringe ၁၅၄၂၆ ခု၊ Scalp Vein Set ၃၈၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် ဧပြီ ၂၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ အောင်ချမ်းသာကျောင်းတိုက်နှင့် ပုဗ္ဗသီရိမြို့နယ်ရှိ အောင်စည်သာစာသင်တိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ မြို့မဝေဠုဝန်စာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဗောဓိပက္ခိယဒီပနီကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ဇမ္ဗူအေးစေတီတပ်ဦးကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

ဒေါ်ရေနံ့သာခင်ခင်ကြီးက ကိုမောင်မောင်ဦးအား ရက်စက်စိမ်းကားသူဟု ထင်သလို ဒေါ်ဝင်းရီထင်သည်။ နှလုံးသားကင်းမဲ့သူဟုမြင်သလို ဒေါ်ဝင်းရီမြင်သည်။ တစ်ဆက်တည်းမှာပင် ဒေါ်ဝင်းရီ၌ စိတ်ဆန္ဒစောမှုရှိနေသည်။ ၎င်းမှာ နန်းကိန္နရီက ကိုမောင်မောင်ဦးအပေါ် သူတို့ထင်မြင်သကဲ့သို့ ထင်မြင်စေလိုခြင်းဖြစ်သည်။

သို့စင်လျက် ကိုမောင်မောင်ဦးအပေါ် နန်းကိန္နရီ ထားရှိအပ်သောသဘောထားမှာ တစ်မျိုးတစ်မည်ဖြစ်နေကြောင်း ဒေါ်ဝင်းရီ တွေ့ရှိရသည်။

ဒေါ်ဝင်းရီက နောက်ဆုံးအဆင့်ဖြစ်သော နန်းကိန္နရီအား အကြောင်းပြုလျက် ငွေညှစ်လာသည့်အဖြစ်အထိ ပြောပြပြီးချိန်တွင် နန်းကိန္နရီက မေးခွန်းတစ်ခုကို ကောက်ကာငင်ကာ မေးလိုက်သည်။

“ဦးမောင်မောင်ဦး ဘယ်မှာနေတယ်ဆိုတာ ဒေါ်ဒေါ်ဝင်း သိသလားဟင်”

ထိုအမေးအတွက် ဒေါ်ဝင်းရီ၏ စိတ်မှာ ဆန်းကြယ်သလို ခံစားရသည်။

“ဟင့်အင်း မသိဘူး၊ ဘာဖြစ်လို့လဲဟင်” ပြန်မေးမိသည်။

နန်းကိန္နရီသည် ဒေါ်ဝင်းရီအား မကြည့်ဘဲဆိုသည်။

“အရီဖြင့်လေ အဲဒီဦးမောင်မောင်ဦးကို သိပ်တွေ့ချင်တာပဲ။ ငွေညှစ်တယ်ဆိုတဲ့ညက သူ ရေနံ့သာကိုရောက်လာတယ်။ ဆူဆူညံညံကြားလို့ အရီ အောက်ထပ်ကို ဆင်းကြည့်ပါသေးတယ်။ ဦးမောင်မောင်ဦးလို့ ကြိုပြီးတော့ သိမထားရတာကတစ်ကြောင်း၊ သူ့ကိုယ်မှာ သွေးတွေရော မိုးရေတွေပါ၊ စိုနေတာကတစ်ကြောင်းကြောင့် သဲသဲကွဲကွဲ မမြင်သာခဲ့ဘူး”

သည်တွင် ဒေါ်ဝင်းရီသည် နန်းကိန္နရီ၏စကားကို ဖြတ်မေးမိသည်။

“အရီက သူ့ကို ဘာလို့တွေ့ချင်ရတာလဲဟင်”

“အို ဒေါ်ဒေါ်ဝင်းရယ် တကယ်တမ်းကျတော့ အရီ ဦးမောင်မောင်ဦးကို တွေ့ချင် မြင်ချင်တယ်ဆိုတာ ဘာများဆန်းသလဲ။ အရီဟာ ဒေါ်ရေနံ့သာခင်ခင်ကြီးရဲ့ သမီးဆိုရင် ဦးမောင်မောင်ဦးဟာ အရီရဲ့ ဖေဖေဖြစ်နေရမှာပါ မဟုတ်လား။ သူနဲ့အရီနဲ့ ဆွေမျိုးအရင်းကြီးဆိုတာလိုပဲမဟုတ်လား”




နန်းကိန္နရီ၏စကားကြောင့် ဒေါ်ဝင်းရီမှာ ချောက်ချားသွားရသည်။ သူ ထင်မှတ်ခဲ့သလို နန်းကိန္နရီအနေနှင့် ကိုမောင်မောင်ဦးအပေါ် နာကြည်းမုန်းတီးမနေကြောင်း နားလည်လာသည်။ ပြီးလျှင်လည်း နန်းကိန္နရီ၏အထင်မှာ မှန်ကန်နေကြောင်း တွေးမိပြန်သည်။

“အမှန်တော့ ဒီအဖြစ်အပျက်မှာ အဓိကတရားခံဟာ ဦးမောင်မောင်ဦး မဟုတ်ဘူးလို့ အရီထင်တယ်။ အဓိကတရားခံဟာ ဘယ်သူလဲဆိုတာ အရီသိတယ်။ ဦးကောင်းမိုးပဲဖြစ်ရမယ်မဟုတ်လား ဒေါ်ဒေါ်ဝင်း”

“ ဦးကောင်းမိုး”

“ဟုတ်တယ်။ သူ့ကြောင့်သာ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတယ်လို့ အရီ နားလည်နေမိတယ်။ သူဟာ အတော် ယုတ်မာနိုင်စွမ်းရှိတဲ့လူတစ်ယောက်ပဲနော်။ အသည်းနှလုံးမရှိတဲ့လူဆိုတာ အဲဒီလူကြီးမျိုးကို ပြောတာပဲဖြစ်ရမယ်။ အရီသာ မေမေ့နေရာမှာရှိရင် ဦးကောင်းမိုးကိုယ်တိုင်လည်း အသက်ထင်ရှားရှိနေဦးမယ်ဆိုရင် ဓားနဲ့ နုပ်နုပ်စဉ်းပစ်မိမလားမသိဘူး ဒေါ်ဒေါ်ဝင်း”

နန်းကိန္နရီသည် ယင်းစကားကို အံလေးကြိတ်ရင်း လက်သီးကလေးဆုပ်ရင်း တင်းမာသောမျက်နှာ၊ တောက်ပသောမျက်လုံးတို့ဖြင့် ပြောခဲ့ခြင်းဖြစ်သည်။ ဒေါ်ဝင်းရီမှာ နန်းကိန္နရီ၏ အမူအရာကိုကြည့်ရင်း သဘောကျလာမိသလိုရှိသည်။ နန်းကိန္နရီဒေါသဖြစ်ခြင်းကို ပထမဆုံးအကြိမ် မြင်ဖူးရခြင်းဖြစ်သည်။

“ဦးလေးညွန့်နဲ့ ဒေါ်ဒေါ်ဝင်းတို့ အချစ်ရေးကိစ္စမှာလည်း သူပါသေးတာပဲနော်။ ဘယ်နေရာမဆို သူမပါတာ မရှိဘူး။ မကောင်းတဲ့ဘက်ကိုဆိုရင် မားမားရပ်မယ်ဆိုတဲ့လူစားမျိုးပဲ ထင်ပါရဲ့။ ဒါထက် သူဘယ်လိုသေခဲ့ရတာလဲ ဒေါ်ဒေါ်ဝင်း”

“ ဦးကောင်းမိုးဟာ ခင်သန်းနွဲ့ဆိုတဲ့ မိန်းမပျက်တစ်ယောက်နဲ့ ညားတယ်။ ခင်သန်းနွဲ့က ရှိသမျှပစ္စည်းတွေယူပြီး ထွက်ပြေးသွားတယ်။ အဲဒီစိတ်နဲ့ စိတ္တဇလိုဖြစ်နေတယ်။ နောက်တော့ အိမ်မီးလောင်တဲ့အထဲ ပါသွားတယ်လို့ ကြားရတာပဲ”

“ဝမ်းသာလိုက်တာ၊ ကိုယ့်ကိုယ်ကိုယ် မီးသဂြိုဟ်သလို ဖြစ်သွားတာပေါ့နော်”

“ဒါပေါ့”

“ခင်သန်းနွဲ့ဆိုတဲ့ နာမည်ကလေးကို နှမြောလိုက်တာ”

“ဘာဖြစ်လို့လဲဟင်”

“ဦးကောင်းမိုးနဲ့ ညားတဲ့မိန်းမပျက်က ခင်သန်းနွဲ့ မဟုတ်လား။ အရီတို့အငြိမ့်အဖွဲ့ထဲမှာ ခင်သန်းနွဲ့ဆိုတဲ့ ယိမ်းသမလေးတစ်ယောက်ရှိတယ်။ သိပ်သဘောကောင်းတဲ့မိန်းကလေး ဘယ်သူခိုင်းခိုင်း ပြုံးပြုံးလေးနဲ့လုပ်ပေးတတ်တယ်။ ဘယ်သူမဆို သူ့ကို ချစ်ကြတယ်။ ဒါကြောင့် ဒီနာမည်ကို နှမြောတယ်လို့ ပြောတာပါ”

သို့နှယ်ဖြင့် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ဘဝဖြစ်စဉ်ကို နန်းကိန္နရီ သိခဲ့ရသည်။ နားလည်ခဲ့ရသည်။ လှိုက်မောဆွတ်ကျင်ခြင်းနှင့်အတူ သိနားလည်ရခြင်းဖြစ်ပါသည်။

နန်းကိန္နရီ၏စိတ်တွင် ပျောက်ဆုံးနေလေသောအရာတစ်ခုကို ပြန်လည်ရှာဖွေတွေ့ရှိရသည့်နှယ်လည်း ခံစားရသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ဖြစ်စဉ်ကို ပြောအပြီးတွင် ဒေါ်ဝင်းရီက နန်းကိန္နရီအား သတိပေးစကားဆိုခဲ့သေးသည်။

“ကိုမောင်မောင်ဦးဟာ အရီနဲ့ ဘာပဲတော်တော်၊ သူနဲ့ အဆက်အဆံမလုပ်ဖို့ကိုတော့ သတိထားရလိမ့်မယ် အရီ။ သူနဲ့ ဝေးဝေးနေရမယ်ဆိုပါတော့။ ဘာကြောင့်လဲဆိုတော့၊ ဒေါ်ဒေါ်ဝင်း သိရသလောက် ကိုမောင်မောင်ဦးဟာ တစ်ခါမှ ကောင်းကျိုးမပေးဖူးခဲ့လို့ပဲ။ သူနဲ့ပတ်သက်လာရင် ဒုက္ခ သုက္ခရောက်ခဲ့ရတာချည်းပဲ။ အရီ့အနေနဲ့ ကိုမောင်မောင်ဦးကို ကြပ်ကြပ်ရှောင်လေ အကောင်းဆုံးဖြစ်လေပဲ”

ဒေါ်ဝင်းရီမှာ ယင်းသတိပေးစကားကို ပြောနေရင်းမှပင် ယင်းသို့ ပြောနေရခြင်းမှာ အလဟဿလိုဖြစ်နေကြောင်း သတိထားမိသည်။ နန်းကိန္နရီသည် ဒေါ်ဝင်းရီ၏ စကားများကို မကြားသလို ရှိသည်။ သူ၏မျက်နှာ၌ တစ်စုံတစ်ခုသော အရိပ်သဏ္ဌာန် ယှက်သန်းနေလေသည်။ ယင်းအရိပ်သဏ္ဌာန်မှာ မျှော်လင့်ခြင်း အားကိုးယုံကြည်ခြင်းစသော အတွင်းစိတ်သန္တာန်မှ ထင်ဟပ်လာသော တက်ကြွသည့် သဏ္ဌာန်မျိုးဖြစ်သည်။

နန်းကိန္နရီက ဆိုခဲ့သေးသည်။

“ဦးမောင်မောင်ဦးက အရီနဲ့ပတ်သက်ပြီး မေမေ့ဆီမှာ ငွေညှစ်လာတယ်ဆိုတာ အရီဖြင့် မယုံနိုင်အောင်ဘဲ။ ဖြစ်ချင်မှလည်းဖြစ်မှာပါ ဒေါ်ဒေါ်ဝင်းရယ်။ တွက်ကြည့်လေ၊ တကယ်တမ်းငွေညှစ်ခဲ့တယ်ဆိုရင် ငွေရပြီးမှပဲ ပြီးရောပေ့ါ။ ဘာဖြစ်လို့ ရေနံ့သာကို လာမှာလဲ။ ဒီတုန်းက အရီသိတယ်။ သူ့မှာ ပြောစရာ၊ ဖြေရှင်းစရာ တစ်စုံတစ်ခုရှိပုံရတယ်။ ပြောခွင့် ဖြေရှင်းခွင့်မရတာမျိုးဘဲဖြစ်မယ်”

နန်းကိန္နရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် ကိုမောင်မောင်ဦးတို့အား စေ့စပ်ပေးလိုစိတ် ရှိနေလေသလား၊ သည်လူနှစ်ယောက်အကြားတွင် မေတ္တာတံတား ခင်းပေးလိုလျက် ရှိလေသလားစသည်ဖြင့် ဒေါ်ဝင်းရီ တွေးလာမိသည်။

သည်တော့လည်း ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ဘဝဖြစ်စဉ်ကို ပြောပြမိခြင်းမှာ မှားယွင်းသောအပြုအမူတစ်ရပ်ကို ပြုမူမိခြင်းမျိုးများ ဖြစ်နေလေပြီလားဟု ဒေါ်ဝင်းရီ စဉ်းစားမိစ ပြုလာလေသည်။

ယင်းအချိန်တွင် အိမ်ဆင်ဝင်အောက်သို့ မော်တော်ကား ထိုးဆိုက်လာသံ ကြားရသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး ပြန်လာခြင်းပင်ဖြစ်သည်။ စကားစပြတ်ကြရသည်။

သို့ဖြင့် နောက်တစ်နေ့တွင် နန်းကိန္နရီတို့ မန္တလေးသို့လာခဲ့ကြသည်။ ရေနံချောင်းမှသည် ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မန္တလေး မော်တော်ကားလမ်းအတိုင်း လာခဲ့ကြခြင်းဖြစ်သည်။ မန္တလေးသို့လာခဲ့ရာတွင် ဒေါ်ဝင်းရီသည်လည်း ပါလာခဲ့လေသည်။

မန္တလေးသို့ရောက်လျှင် ဗိုလ်မှူးညိုထွန်းနှင့် ဆုံကြရသည်။

နန်းကိန္နရီသည် ဗိုလ်မှူးညိုထွန်း၏ အမည်ကို မကြာခဏ ကြားခဲ့ရသည်။ ဗိုလ်မှူးညိုထွန်းကိုမူ တစ်ကြိမ်သာ မြင်ဖူးခဲ့သည်။ ယခုမှပင် ရင်းရင်းနှီးနှီး ဆက်ဆံရခြင်း ဖြစ်လေသည်။ နန်းကိန္နရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ဖြစ်စဉ်ကို ကြားရပြီးနောက် ဗိုလ်မှူးညိုထွန်းအနေနှင့် ပါဝင်ခဲ့သော အခန်းကဏ္ဍကို နားလည်သဘောပေါက်ခဲ့ပြီးဖြစ်ကာ စိတ်မှာ အလိုလို ရင်းရင်းနှီးနှီး ရှိနေမိခဲ့လေသည်။

နန်းကိန္နရီသည် မန္တလေးသို့ ရောက်ရှိလာရခြင်းအတွက် စိတ်မှာ စနိုးစနောင့် ခံစားနေခဲ့ရသည်။ ဖြစ်နိုင်မည်ဆိုလျှင် သည်မြေသို့ မလာချင်။ သည်မြေသို့ ခြေမချချင်။ သည်မြေတွင်ရှိသော သူတို့နှင့်လည်း ထပ်မံကြုံဆုံလိုစိတ်မရှိ။ ယခုမူ မည်သို့မျှ ရှောင်လွှဲ၍မရနိုင်ဘဲ သည်မြေတွင် ခြေချခဲ့ရပေပြီ။ မကြုံမဆုံလိုသူတို့နှင့် ထပ်မံကြုံရဆုံရပေဦးတော့မည်။

သူတို့သည် ဗိုလ်မှူးညိုထွန်း စီစဉ်ပေးသော စီဗီလိုင်းရှိ အိမ်ကြီးတစ်ဆောင်တွင် တည်းခိုကြသည်။ ပစ္စည်းပစ္စယများကို နေရာချထားပြီးလျှင်ပြီးချင်း ဒေါ်ရေနံ့သာခင်ခင်ကြီးက ဆိုသည်။

“အရီ နေခဲ့ဖူးတဲ့အိမ်ကို သွားကြရအောင်”

သည်တော့လည်း နန်းကိန္နရီမှာ တစ်စုံတစ်ရာ ငြင်းပယ်နိုင်စွမ်းမရှိ။ တစ်ဆက်တည်းမှာပင် သည်အသက်အရွယ်သို့ ရောက်ရှိလာသည့်တိုင် မိမိကိုယ်မိမိ မပိုင်သေးပါကလား၊ တစ်ပါးသူအတွက် အသက်ရှင်နေဆဲပါကလားဟု နန်းကိန္နရီ နာကြည်းစွာ တွေးမိသည်။ **ဆက်လက်ဖော်ပြပါမည်။**

**“နန်းကိန္နရီတို့ မန္တလေးသို့လာခဲ့ကြသည်။ ရေနံချောင်းမှသည် ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မန္တလေး မော်တော်ကားလမ်းအတိုင်း လာခဲ့ကြခြင်းဖြစ်သည်။ မန္တလေးသို့လာခဲ့ရာတွင် ဒေါ်ဝင်းရီသည်လည်း ပါလာခဲ့လေသည်။ နန်းကိန္နရီသည် မန္တလေးသို့ ရောက်ရှိလာရခြင်းအတွက် စိတ်မှာ စနိုးစနောင့်ခံစားနေခဲ့ရသည်။ ဖြစ်နိုင်မည်ဆိုလျှင် သည်မြေသို့မလာချင်။ သည်မြေသို့ ခြေမချချင်။ သည်မြေတွင်ရှိသောသူတို့နှင့်လည်း ထပ်မံကြုံဆုံလိုစိတ်မရှိ။ ယခုမူ မည်သို့မျှ ရှောင်လွှဲ၍မရနိုင်ဘဲ သည်မြေတွင် ခြေချခဲ့ရပေပြီ။ မကြုံမဆုံလိုသူတို့နှင့် ထပ်မံကြုံရဆုံရ…”**

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ပေါင်းသင်းဆက်ဆံရေး

ပီမိုးနင်း

**(ယခင်အပတ်မှအဆက်)**

ထို့ပြင် ယခုခေတ်ကာလလူများသည် ရှေးကနှင့်မတူ အထူးပိုမိုယဉ်ကျေးကြသဖြင့် အသင်းအပင်း၊ အစည်းအရုံးများ၌ ပြောရေးဆိုရေးရှိသောကြောင့် တစ်စုံတစ်ယောက်ပြောသည့်အခါ အပြစ်ကို ရှုလေ့မရှိ။ အဘယ်အချက်မှာ လက်ခုပ်တီး၍ ချီးမွမ်းရမည်ကိုသာ အများအားဖြင့် အာရုံစိုက်၍နေတတ်ကြလေသည်။

လူကြီးလူကောင်းများ အများအားဖြင့် စိတ်ကောင်းစိတ်မြတ်ရှိကြသောကြောင့်သာ လူကြီးလူကောင်းဖြစ်၍နေကြလေရာ ၎င်းတို့ထံသွားဖို့ရန် မကြောက်သင့်ကြပေ။

ထိုပုဂ္ဂိုလ်ကြီးများထံသို့ မသွားဝံ့ခြင်းသည် ထိုပုဂ္ဂိုလ်ကြီးများကို ရိုင်းစိုင်းသောသားရဲတိရစ္ဆာန်များနှင့်နှိုင်းယှဉ်ရာရောက်လေသည်။ လူကြီးလူကောင်းများ၏ အစုအဝေးကို ဝင်ဖို့ရန်လည်း မကြောက်ရ၊ ကိုယ်တိုင်အချိုးအစားကျအောင် ကြိုးစားဖို့သာလို၏။ သို့အချိုးအစားကျသည့်အခါ လူကြီးလူကောင်းများအနက် မိမိအပေါ်၌ မေတ္တာစူးစိုက်သူ တစ်ဦး၊ နှစ်ဦးရှိနိုင်လေရာ ၎င်းတို့က ထင်ပေါ်အောင် အသင့်ကို ဖော်၍ပေးလိမ့်မည်။ ကျွန်ုပ်သည် ဂိုးလ်ဒင်းဘဲလီအသင်း၊ ပါတီသတင်းစာတိုက်အတွက် ရေးသားခဲ့စဉ်က လူကြီးလူကောင်းများ၏ ညစာစားပွဲတွင် အခါခါလိုက်ပါခဲ့၏။

ထိုအခါ ဆာဂျေအေ–မောင်ကြီး၊ ဦးမေအောင်၊ ဆာဦးဘ၊ မစ္စတာအယိန်၊ အခြားဘဏ်သူဌေးများ၊ တရားဝန်ကြီး ဦးဘ စသည့်ပုဂ္ဂိုလ်ကြီးများသည် ထိုစားပွဲ၌ လူကြီးပိုင်းတွင် ထိုင်ကြ၏။ ဆာဂျေအေသည် စားပွဲထိပ်မှာထိုင်ပြီး အနီးရှိ လူကြီးလူကောင်းများနှင့် စကားပြောရင်း ကျွန်ုပ်တို့လူငယ်စုဘက်သို့လှမ်းကာ တောင်မေး၊ မြောက်မေး မေးရှာ၏။

ဆာဂျေအေ၏စိတ်၌ လူငယ်များ မျက်နှာငယ်မှာကို စိုးရိမ်ပုံရလေသည်။ လူကြီးလူကောင်းများသည် ဤသို့မြင့်မြတ်သောစိတ်မျိုးရှိကြ၏။ သို့ဖြစ်လေရာ လူကြီးလူကောင်းများကို ကြောက်ဖို့မရှိ၊ လူမိုက်များကိုသာ ကြောက်ရမည်။

လူမိုက်ပြုံးသည်ကိုကြောက်၊ လူကြီးငေါက်မည်ကိုမကြောက်နှင့်၊ ရိုသေရမည်။ သို့သော်လည်း လူကြီးမျက်နှာသာပေးခြင်းကြောင့် အရဲမလွန်ရပေ။ ဧည့်ခံပွဲများ၌ လူကြီးလူကောင်းများအား ကိုယ်တိုင်က စကားစတင်၍ မပြောရ၊ လူကြီးလူကောင်းများ မေးမှ၊ ပြောမှ ဖြေရ၊ ပြောရလေသည်။

ဟန်မဆောင်နှင့် ရိုးရိုးနေ၊ ဝင့်ဝါခြင်းမရှိဘဲ ခန့်ညားသပ်ရပ်စွာ အဝတ်ကို သန့်သန့်ရှင်းရှင်းဝတ်ရမည်။ ဟန်အမူအရာသည် လွန်စွာသိသာ၏။ ရိုးရိုးပြော၊ ရိုးရိုးသွား၊ သို့သော်လည်း လူကြည့်ကောင်းအောင် ဝတ်ဆင်လုပ်ကိုင်ပြုမူရသောအခါများလည်းရှိ၏။

“ဆံထုံးထုံး–ရွာဓလေ့” ဟူသော စကားလည်းရှိ၏။ ကျေးလက်တောနယ်ကိုသွားပြီး မြို့ကြီးသားရပ်ကြီးသားဟန်တွေကို ထုတ်၍သာနေချေက ကိစ္စများတတ်၏။

တောရောက်လျှင် တောသား၊ မြို့ရောက်လျှင် မြို့သား၊ ဆိုင်ရာနေရာအခြေအနေကို သိရမည်။ အလုပြတိုင်း မပေါ်၊ မပြမှပေါ်သောအခါတွေလည်းရှိ၏။ အလှပေါင်းတို့တွင် သိုသိပ်ခြင်းသည် အလှဆုံးဖြစ်လေသည်။ အင်္ဂလိပ်လို Modesty ဟုခေါ်၏။

ထိုစကား၏အဓိပ္ပာယ်မှာ အလှကို လွန်စွာမပြခြင်း၊ အတတ်ကို လွန်စွာမပြခြင်း၊ မမော်ကြွားခြင်း၊ ထင်ပေါ်လိုစိတ် လွန်စွာမကြီးခြင်းကို ဆိုလိုသည်။

ယဉ်ကျေးခြင်းသည် ကိုယ်ဟန်အမူအရာကိုဆိုသည်မဟုတ်၊ လူရှေ့၌ ကုန်းကွခြင်းကို ဆိုသည်မဟုတ်ပေ။ သို့သော်လည်း လူမျိုး၏အလေ့အတိုင်းကျင့်ရလေသည်။

ယဉ်ကျေးခြင်းသည် စိတ်မှာရှိ၏။ စိတ်ကောင်းနှလုံးကောင်းရှိမှ တကယ်ယဉ်ကျေး၏။ စိတ်ကောင်းမရှိက တကယ်ယဉ်ကျေးသူမဟုတ်နိုင်ပေ။

စိတ်ကောင်းခြင်းသည် အတတ်ပညာမဟုတ်၊ အရာရာ၌ ကိုယ်ချင်းစာသောစိတ်ကို ထားအပ်ခြင်းဖြစ်လေသည်။

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

**အနာဂတ်မျှော်လင့်ချက်ရှိပါစေ**

“နိုးကြားတက်ကြွသောသူတို့သည် သူတို့ဘာသာ ပို၍ထုတ်လုပ်အားမြင့်လာစေသည်သာမက အခြားသူတို့ကိုပါ နိုးကြားတက်ကြွလာအောင် စေ့ဆော်နိုင်မှုရှိသည့် သဘောထားရှိကြသည်”

**စာရေးဆရာ အမ်၊ အက်စ်၊ ရက်ဒီ(၁၉၂၄–၂၀၁၁)**

လုပ်ငန်းခွင်အတွင်း အနာဂတ်မျှော်လင့်ချက်ရှိရန် အထူးလိုအပ်သည်။ အလုပ်ခွင်တစ်ခု၌ ဝင်ရောက်လုပ်ကိုင်နေသူတစ်ဦးသည် လုပ်ငန်းခွင်မျှော်လင့်ချက်ရှိမှသာ နေ့စဉ်လုပ်ဆောင်ရသည်များကို စိတ်ပါဝင်စားမှုရှိပေမည်။ သို့မဟုတ်ပါက လုပ်ငန်းလုပ်ဆောင်ရာ၌ ဝတ်ကျေတန်းကျလုပ်ဆောင်မှု ဖြစ်နေနိုင်ပေသည်။

လုပ်ငန်းခွင်မျှော်လင့်ချက်ဟူသည်မှာ လစာတိုးတက်မှု၊ ရာထူးတိုးတက်မှု၊ အလုပ်အကိုင်မြဲမြံမှု၊ ဘဝအာမခံချက်ခိုင်မာမှု စသည်တို့ဖြင့် လုပ်ငန်းခွင်ရှင်သန်မှု၊ ပျော်ရွှင်မှုများကို ထိန်းကျောင်းပြီးသားဖြစ်နေမည်လည်းဖြစ်သည်။

အနာဂတ်မျှော်လင့်ချက်ဟုဆိုရာတွင် လုပ်ငန်းခွင်မှ လုပ်သားများသာမက စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် စာသင်ကျောင်းမှ ကျောင်းသား ကျောင်းသူများလည်း အတူတူပင်ဖြစ်သည်။ ကျောင်းသားကျောင်းသူတို့သည် ယခုစာသင်နှစ်မှသည် နောက်နှစ်စာသင်နှစ်တွင် အတန်းစဉ်နောက်တစ်တန်းတက်ရောက်နိုင်ရေး၊ သင်ခန်းစာများကျေညက်စွာရရှိပြီး ဆက်လက်သင်ယူကြရမည့် အတန်းပညာအတွက် ပြင်ဆင်ရမည့် ရည်မှန်းချက်၊ မျှော်လင့်ချက်တို့ကို ထားရှိနေရခြင်းပင်။ အလားတူပင် လုပ်ငန်းခွင်မှသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များသည်လည်း ရှေ့အလားအလာရရှိတိုးတက်မှုတို့ကို မျှော်လင့်ချက်ထားရှိရပေမည်။

သို့မှသာ ကျောင်းသား ကျောင်းသူများအတွက်က စာမေးပွဲအောင်မြင်ရမည်။ အတန်းသစ်ကို ဂရိတ်မြင့်မြင့်မှ တက်ရောက်ပညာသင်ကြားနိုင်မည်ဟူသည့်မျှော်လင့်ချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်မည်လည်းဖြစ်သည်။




စာမေးပွဲအောင်မြင်ရမည်ဟူသည့် မျှော်လင့်ချက်တစ်ခုတည်းလားဆိုလျှင်လည်း မဟုတ်သေးဟုပင်ဆိုရမည်။ ကျောင်းသား ကျောင်းသူတို့အတွက် အတန်းပညာသည် အရေးပါသည်မှာ မှန်သော်လည်း အတန်းပညာကို စာသင်ခန်းထဲတွင် သင်ယူရုံလောက်နှင့်လည်း ပညာဟူသော မိုးကောင်းကင်ကြီးကို မလှမ်းခြုံနိုင်သေးပေ။ ကျောင်းပြင်ပတွင်ရှိသော စာကြည့်တိုက်၊ စာပေဆွေးနွေးပွဲ၊ စကားဝိုင်း၊ ဟောပြောပွဲ၊ တရားပွဲ၊ ပရဟိတအသင်းအပင်း၊ ဘာသာရပ်ဆိုင်ရာအသင်းအပင်း၊ ဒေသဆိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အသင်းအပင်း စသည်တို့တွင် ကိုယ်ပိုင်ဆန္ဒအရပါဝင်လုပ်ဆောင်ရသော လှုပ်ရှားမှုများ၊ ပေါင်းသင်းဆက်ဆံမှုများ၊ စီမံဆောင်ရွက်မှု အတွေ့အကြုံများသည်လည်း အသိပညာပင်ဖြစ်ပြီး အတတ်ပညာလည်းဖြစ်သည်။

အတန်းပညာ အထက်တန်းပင်အောင်အောင်၊ တက္ကသိုလ်မှ ဘီအေ၊ ဘီအက်စ်စီ စသည့်ဘွဲ့များပင် ရရှိစေကာမူ ပြင်ပစာပေဗဟုသုတ မလိုက်စားဘဲ ကျောင်းစာသက်သက်အောင်ရုံမျှ ကျောင်းတက်ခဲ့သူများသည် ကြီးပွားထွန်းပေါက်လောက်အောင်လူစဉ်မမီနိုင်ပါ။ ဘဝဆိုသည်မှာ တကယ်တတ်မြောက်မှသာ တကယ်နေရာပေးခံရသည့် သဘောသဘာဝရှိသည်။

ထို့ကြောင့် ဘဝအတွက် အမှန်တကယ်တန်ဖိုးရှိသောပညာများ ဖြည့်စွမ်းနိုင်ရေးအတွက်လည်း မျှော်လင့်ချက်ထား ကြိုးစားရပေမည်။

“ခြေလှမ်းငယ်တစ်ခုကနေ သင့်ဘဝကို ပြောင်းယူနိုင်ပါတယ်”ဟု ဒေါက်တာရောဘတ်မော်ရာ၊ ပီအိပ်ချ်ဒီက ပြောကြားခဲ့ဖူးကြောင်း မှတ်သားဖူးပါသည်။

ပညာပြည့်ဝနလုံးလှအောင် အတတ်ပညာ၊ အသိပညာများ၊ သုတ၊ ရသများကို စာအုပ်စာပေထဲမှ ရဲရဲရင့်ရင့် လိုလိုချင်ချင် ရှာဖွေစုစည်းကာ မှတ်သားရပါမည်။ တစ်လ၊ နှစ်လတွင် မသိသာသေးသော်လည်း နှစ်ပေါင်းများစွာ စာအုပ်ပေါင်းများစွာထိတွေ့ပေါင်းဖော်ခဲ့သောသူကား လူတကာထက် ပိုမိုသိမြင်သော အရည်အချင်း ရရှိခဲ့ပြီဖြစ်ပေသည်။

အရေးကြုံသောအခါ သက်လုံကောင်းလေသည်။ ပညာရဲရင့်ပွဲလယ်တင့်အောင် ထူးခြားစွာစွမ်းဆောင်ပြနိုင်လာပေမည်။

ထို့ကြောင့် ကျောင်းကိုချည်း အားကိုး၍မပြီး။
ဆရာကိုချည်း အားကိုး၍လည်း မပြီးချေ။

သင်ယူသူကိုယ်တိုင်ကလည်း လိုလိုလားလားဖြင့် တကယ်ကြိုးစားသင်ယူ၊ လေ့လာကျက်မှတ်ပါမှ ပညာကိုရရှိလေမည်။ ပညာကို တကယ်တတ်အောင် သင်ယူရမည်လည်းဖြစ်သည်။ ပညာတကယ်တတ်မှ ဘဝလမ်းကြောင်းကို ကောင်းမွန်အောင် ထူထောင်ရပ်တည်နိုင်မည်မှာ လက်တွေ့ကျသော အောင်မြင်ရေးနည်းလမ်းတစ်ခုပင် ဖြစ်သည်။

သို့ဖြစ်၍ ကျောင်းသား ကျောင်းသူဖြစ်ဖြစ်၊ လုပ်ငန်းခွင်မှ အဆင့်ဆင့်သောမည်သူမဆိုနှင့်၊ စီးပွားရေးလုပ်ကိုင်နေကြသူ မည်သူပင်ဖြစ်စေ ပျင်းရိနေလျှင် အတတ်ပညာ ကောင်းစွာမရနိုင်သည်မှာ သေချာသည်။

အတတ်ပညာကို မတောက်တခေါက် (လက်မှတ်ရရုံမျှ)ဖြင့် အသက်မွေးဝမ်းကျောင်း ဘဝဖြတ်သန်းမှုတွင် ဝင်ငွေကောင်းအောင် လုပ်ဆောင်နိုင်မည်မဟုတ်။ ထို့ကြောင့် မပျင်းမရိဘဲ ပညာကို ငတ်မွတ်တောင့်တရပေမည်။ လုပ်ငန်းခွင်အတွင်းမှ မည်သည့်ရာထူးအဆင့်ရှိသည့်ပုဂ္ဂိုလ်ပင်ဖြစ်စေ အလုပ်ကိုစေတနာထားကာ လုပ်ဆောင်နိုင်ရမည်။ ဝတ်ကျေတန်းကျေလုပ်ဆောင်မှုမျိုးကို ရှောင်ရှားနိုင်ရမည်။ နိုးကြားတက်ကြွစွာဖြင့် အနာဂတ်မျှော်လင့်ချက်တို့ကို ထားရှိနိုင်သူများဖြစ်အောင် ကြိုးစားရမည်လည်းဖြစ်သည်။

“နိုးကြားတက်ကြွသောသူတို့သည် သူတို့ဘာသာ ပို၍ထုတ်လုပ်အားမြင့်လာစေသည်သာမက အခြားသူတို့ကိုပါ နိုးကြားတက်ကြွလာအောင် စေ့ဆော်နိုင်မှုရှိသည့် သဘောထားရှိကြသည်”ဟု အိန္ဒိယနှင့် ဗြိတိန်စာရေးဆရာကြီး အမ်၊ အက်စ်၊ ရက်ဒီ(M.S. Reddy) က ပြောကြားထားပေရာ ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် အနာဂတ်မျှော်လင့်ချက်များထားရှိပြီး နိုးကြားတက်ကြွစွာ ကြိုးစားလုပ်ဆောင်နိုင်ခြင်းအားဖြင့် မိမိတို့နယ်ပယ်အသီးသီးတွင် အောင်မြင်ကြီးပွားလာမည် ဖြစ်ပေတော့သည်။ ။

# ဘဝကိုချောမွေ့စွာဖြတ်သန်းချင်သလား

မောင်ထူးချွန်

မောင်တို့မယ်တို့အနေနဲ့ ဘဝကိုချောချောမွေ့မွေ့ ဖြတ်သန်းချင်သလားဆိုရင် ချောမွေ့စွာနဲ့ ဖြတ်သန်းချင်ကြပေမပေါ့။ အေးချမ်းသာယာ၊ ပျော်ရွှင်စွာနဲ့ ဖြတ်သန်းချင်ကြမှာပါပဲ။

မှန်ပါတယ်။ မည်သူမဆို ဘဝဖြတ်သန်းရာမှာ လွယ်ကူချောမွေ့စွာ၊ အေးဆေးချမ်းမြေ့စွာ၊ ပင်ပန်းဆင်းရဲကင်းစွာနဲ့ သာသာယာယာ၊ လှလှပပ ဖြတ်သန်းချင်ကြမှာပဲလေ။ ဒါကလည်း သဘာဝကျပါတယ်။ မည်သူကမှ ဒုက္ခဆင်းရဲနဲ့ ပင်ပင်ပန်းပန်းလုပ်ကိုင်စားသောက်ရတဲ့ ဘဝကို မလိုချင်ကြပါဘူး။ ဒါပေမဲ့ လိုတရာဘဝတွေကို အတော်များများကတော့ မရရှိကြဘူး။ လောကသဘာဝအရ ကြုံကြရတဲ့အခြေအနေမှာ ရုန်းကန်ကြရတယ်ဆိုတာ အားလုံးအသိပဲပေါ့။

သူ့အရွယ်နဲ့သူ သိသင့်၊ တတ်သင့်တဲ့ ဗဟုသုတ၊ ဉာဏ်ပညာတွေ တတ်သိနေမယ်ဆိုရင် ဘဝကိုချောမွေ့စွာဖြတ်သန်းနိုင်ဖို့ အလားအလာအများကြီးရှိပါတယ်။



အသိပညာ၊ အတတ်ပညာဆိုတာ ဆည်းပူးလေ့လာလို့ ကုန်နိုင်တယ်မရှိပါဘူး။ မဟာသမုဒ္ဒရာကဲ့သို့ ကျယ်ဝန်းနက်ရှိုင်းတယ်။ မိမိအနေနဲ့ သိတာများလာရင် အမြင်ကျယ်တာနဲ့အမျှ အခက်အခဲ၊ အလွဲအချော်ဆိုတာတွေ မိမိဘဝမှာ နည်းပါးစေတာပေါ့။ မသိတာတွေများနေရင် အမှားမှားအယွင်းယွင်း၊ အချွတ်အချော်တွေနဲ့ အချိန်ကုန်ပြီး ဘဝဟာ လုံးချာလည်လိုက်နေတတ်တယ်။

"ပညာဗဟုသုတဆိုတာက သူ့အလိုလို စွမ်းအင်စွမ်းအား ဖြစ်စေတယ်" လို့ ဖရန်စစ်ဘေကွန်ဆိုသူက ပြောဖူးကြောင်း မှတ်သားဖူးပါတယ်။

လူတွေရဲ့ လူနေမှုအဆင့်အတန်း၊ အေးချမ်းသာယာမှုနဲ့ ခက်ထန်ကြမ်းတမ်း ဆင်းရဲနွမ်းပါးမှု အခြေအနေတွေဟာ အသိပညာဗဟုသုတအပေါ်မှာမူတည်ပြီး ကွဲပြားခြားနားနေကြရတယ်။ အသိပညာဗဟုသုတများခြင်းဟာ စွမ်းအားပါပဲ။ ယင်းစွမ်းအားအပေါ်အခြေခံကာ ဘဝဖြတ်သန်းမှုတစ်လျှောက်မှာ တဖြည်းဖြည်းကွာဟသွားရာကနေ ကြီးကြီးမားမားခြားနားမှုတွေ ဖြစ်ပေါ်လာရတာပါပဲ။

ပညာဗဟုသုတ၊ အသိဉာဏ်၊ အသိပညာ။

ဒါတွေကိုမသိလေလေ မှောင်လေလေ။ ချောက်ထဲကျင်းထဲကျလေလေပေါ့။ မမြင်မစမ်းနဲ့ အကန်းလိုဖြစ်ရတော့ ဒုက္ခသောကဘဝအမောတွေ ကြုံတွေ့ရတော့တာပေါ့။

ပညာဗဟုသုတ။ အသိဉာဏ်၊ အသိပညာတွေကို သိလေလေမြင်ကွင်းဟာ ထင်ရှားရှင်းလင်းလေလေ။ အမြင်အာရုံ ကြည်လင်တာနဲ့အမျှ မိမိသွားရမယ့်လမ်းကို ကောင်းမွန်ဖြောင့်တန်းစွာ သွားနိုင်တယ်။ အတားအဆီးအခက်အခဲတွေ တွေ့ကြုံရတာရှိကောင်းရှိနိုင်ပေမယ့်လည်း မြင်မြင်ထင်ထင်ဆိုတော့ လွယ်လွယ်ကူကူနဲ့ ကျော်လွှားဖြတ်သန်းနိုင်စမြဲပဲလေ။

သိခြင်းဝိဇ္ဇာနဲ့၊ မသိခြင်းအဝိဇ္ဇာတို့က အခုလက်ရှိဘဝမှာ အောင်မြင်ခြင်း၊ ဆုံးရှုံးခြင်းတို့ကို ဆုံးဖြတ်တယ်။ ဘာသာတရားအယူအဆနဲ့ပြောရရင် အဆုံးအစမမြင်နိုင်တဲ့ သံသရာခရီးကြောတစ်လျှောက်လုံးဟာလည်း မသိခြင်းအဝိဇ္ဇာ အမှောင်များလေလေ ဆင်းရဲခက်ခဲကြမ်းတမ်းလေလေပေါ့။ ဝိဇ္ဇာသိမြင်ခြင်းအလင်း များလေလေ ချမ်းသာအေးမြလေလေပါပဲ။ ဒါကတော့မြင်ကွင်းကျယ်သဘောဆိုပါတော့။

စာများများဖတ်မှ ဗဟုသုတအကြားအမြင်တွေ သိရ၊ မှတ်ရ၊ နားလည်ရတယ်။ စာဖတ်ဝါသနာပါအောင် မိမိဘာသာ လေ့ကျင့်ပျိုးထောင်ယူရမယ်။ အချိန်မရရအောင် ရှာဖွေယူရမှာပဲ။ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်ရရ စာဖတ်ဖြစ်အောင် ကြိုးစားရမယ်။

ဘာစာတွေ ဖတ်ရမှာလဲ၊ မေးစရာရှိတတ်တယ်။

မိမိဖတ်ချင်တာ ဖတ်ပါလို့ပဲ လွတ်လွတ်လပ်လပ် ကျယ်ကျယ်ပြန့်ပြန့် ပြောရမှာပါပဲ။ ဖတ်ရင်း၊ ဖတ်ရင်းနဲ့ပဲ မိမိအရည်အချင်းနဲ့ ဆီလျော်ကိုက်ညီတဲ့ စာအုပ်စာပေတွေကို တွေ့လာရလိမ့်မယ်။ မိမိဘဝနဲ့ သင့်တော်ဆီလျော်တဲ့ အရသာထိရှလှတဲ့စာအုပ်တွေ တွေ့လာရပြီ၊ ဟတ်မိလာပြီဆိုရင် ဆက်ပြီးဖတ်တော့ပေါ့။

စာဖတ်ရုံနဲ့တင် မပြီးသေးဘူး။ ဖတ်ပြီး တွေးရတယ်။ ချင့်ချိန်ရတယ်။ မိမိဘဝနဲ့ ထင်ဟပ်ပြီး သုံးသပ်ဆင်ခြင်ရတယ်။ ငါ ဘာလုပ်သင့်သလဲ၊ ဒါမျိုးနဲ့ တွေ့ကြုံရင် ဘယ်လိုလုပ်မလဲ၊ စဉ်းစားတတ်အောင် စာဖတ်ရတာ။ အတွေးအခေါ်ကောင်းအောင် စာဖတ်ခြင်းပါ။ ပေါ့ပေါ့လျှပ်လျှပ် မဖတ်ရဘူး။ စေ့စေ့စပ်စပ် နူးနူးနပ်နပ်နဲ့ ၁၀ အုပ် ၁၅ အုပ် ဖတ်တဲ့ပုဂ္ဂိုလ်တွေက ကမ္ဘာကျော်လုပ်ငန်းရှင်သူဌေးကြီးတွေ ဖြစ်သွားကြပြီး အပေါ်ယံစာအုပ် ၁၀၀-၂၀၀ ကို သာမန်ကာလျှံကာ ဖတ်ပါတယ်ဆိုသူတွေက ဘာမှ မထူးချွန်၊ မပြောင်မြောက်ကြဘူးဆိုတာ လေ့လာတွေ့ရှိချက်တွေ အများကြီးပါပဲ။

စာအုပ်အရေအတွက်များအောင် အလောတကြီး ဖတ်စရာမလိုပါဘူး။ အရေအတွက်သဘောထက် အရည်အချင်းပါအောင် သေသေချာချာမှတ်သားဖို့ အရေးကြီးပါတယ်။

အသုံးချမယ်၊ ကျင့်သုံးမယ်။ လက်တွေ့ဘဝမှာ နေရာတကျလိုက်နာဆောင်ရွက်မယ်ဆိုမှ စာပေဗဟုသုတဆိုတာ ဖတ်ရကျိုးနပ်တယ်။ တကယ်ထိရောက်စေပါတယ်။ လူ့ဘဝကို ပြောင်းလဲစေတဲ့ စာအုပ်ကောင်းတွေ အများကြီးပဲ။ တစ်အုပ်အုပ်ကိုသာ သေသေချာချာ လက်စွဲကျင့်သုံးရင် ဘဝတစ်ခုလုံး တိုးတက်ကြီးပွားသွားစေတတ်ပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ ၁၆ ဦးမြောက်သမ္မတဖြစ်တဲ့ အေဘရာဟင်လင်ကွန်း(၁၈၀၉-၁၈၆၅) ဆိုရင် ငယ်စဉ်က အတန်းပညာကို မူလတန်းလောက်သာသင်ဖူးတဲ့ ဆင်းရဲသားကျေးတောသားတစ်ယောက်ဖြစ်ခဲ့ပေမယ့် စာအုပ်စာပေဖတ်ရှုပြီး ဘဝကို ပြုပြင်ပျိုးထောင်နိုင်တာကြောင့် နောက်ဆုံးမှာ သမ္မတဖြစ်လာရတာပဲပေါ့။ ဒါဟာ ကြီးမားတဲ့သာဓကတစ်ခုပါပဲ၊ မောင်တို့မယ်တို့အတွက် များစွာအားကျအတုယူရမယ့် ဖြစ်စဉ်တစ်ခုလည်းဖြစ်တယ်။

ဒါကြောင့် မောင်တို့မယ်တို့အနေနဲ့ ဘဝကိုအောင်မြင်ချောမွေ့စွာဖြတ်သန်းချင်သလား။

မောင်တို့မယ်တို့အနေနဲ့ သူ့အရွယ်နဲ့သူ သိသင့်၊ တတ်သင့်တဲ့ ဗဟုသုတဉာဏ်ပညာတွေရှိနေအောင် စာဖတ်ပါ။ စာများများဖတ်မှတ်လေ့လာပြီး ဘဝကိုပြုပြင်ပျိုးထောင်ကာ အသိပညာဗဟုသုတစွမ်းအားတွေ ကြီးမားအောင် ကြိုးစားနိုင်ခြင်းအားဖြင့် ဘဝတစ်လျှောက်မှာ အောင်မြင်ချောမွေ့စွာနဲ့ အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းနိုင်မယ်ဆိုတာ အသေအချာပဲပေါ့ကွယ်။ ။

# စိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်ပါ

အောင်မြတ်စည်သူ

နောက်တစ်ကြိမ် အဲလ်ဘတ်အိုင်းစတိုင်း၏ ပုံကို သင်တွေ့လျှင် ထိုပုံမှာ သင့်ပုံသာဖြစ်သည်ကို သဘောပေါက်ပါ။ အဲလ်ဘတ်အိုင်းစတိုင်းကို ကြည့်ပြီး 'အဲဒါ...ငါပဲ' ဟု ပြောလိုက်ပါ။

လူတိုင်းတွင် ပါရမီရှင်ပုံစံ စွမ်းရည်တစ်ရပ်ရပ်ရှိကြသည်ပင်။ သင့်အတွေးအမြင်တွင် ပါရမီရှင်အဆင့် အတွေ့အကြုံခံစားရရန် သင်္ချာ သို့မဟုတ် ရူပဗေဒ ကျွမ်းကျင်ရန် မလိုချေ။ အိုင်းစတိုင်း၏ ဖန်တီးမှုစွမ်းရည်အဆင့်ကို ခံစားရန်အတွက် သင်၏ စိတ်ကူးယဉ်မှုစွမ်းရည်ကို အသုံးချသည့်အကျင့် မွေးထားရန်လိုသည်။

သို့သော် လူကြီးများသည် သူတို့၏စိတ်ကူးယဉ်စွမ်းရည်ကို တစ်နေရာတည်းမှာသာ အသုံးချသည့်အကျင့်တွင် အသားကျနေသောကြောင့် လူကြီးများကို ဤကိစ္စ ပြုလုပ်ခိုင်းရန်မှာ ခက်ခဲတတ်သည်။ လူကြီးများသည် အဆိုးရွားဆုံးဖြစ်စဉ်များကိုသာ တစ်နေကုန် စိတ်ကူးယဉ်နေတတ်သည်။ ယင်းတို့၏ စိတ်ကူးယဉ် မြင်နိုင်စွမ်းမှန်သမျှကို သူတို့စိုးရိမ်ကြောက်လန့်သောပုံရိပ်များ ဝေဝေဆာဆာ ဖော်ပြမှုအတွင်းသို့ လမ်းကြောင်း ပြောင်းပေးလေ့ရှိသည်။

သူတို့သဘောမပေါက်သည့်အချက်ကား ပူပင်ကြောင့်ကြခြင်းသည် စိတ်ကူးစိတ်သန်းကို လွဲမှားစွာ အသုံးချနေခြင်းတစ်ရပ်ပင်ဖြစ်သည်။ လူ၏ စိတ်ကူးစိတ်သန်းကိုထို့ထက်များစွာပိုသောအရာများအတွက် ပုံဖော်ထားခဲ့သည်။ လူတို့သည် ယင်းတို့၏ စိတ်ကူးစိတ်သန်းတို့ကို အသုံးချလျက် ပူပင်ကြောင့်ကြသူများသည် အဆင့်မြင့် IQ ရှိလျှင်ပင် စွမ်းဆောင်ရန် စိတ်ကူးမိမည် မဟုတ်သောအချက်များကို စိတ်ကူးဖန်တီး၍ အထမြောက်အောင် ဆောင်ရွက်လေ့ရှိကြသည်။ မိမိ စိတ်ကူးစိတ်သန်းအကြောင်း အမြဲစဉ်းစားနေတတ်သည့် အကျင့်ရှိနေသူများကို သူတို့၏ လုပ်ဖော်ကိုင်ဖက်များက 'ပါရမီရှင်' များဟု ထောမနာပြုကြသည်။

'ပါရမီ' ဉာဏ်လို မျိုးရိုးဗီဇ စရိုက်လက္ခဏာတစ်ရပ်အဖြစ် သတ်မှတ်ကြသည်။ သူတို့အား သူတို့၏ ပါရမီဉာဏ်ရည်သို့ ကျင့်သားရနေသူများအဖြစ် မြင်လျှင် ပို၍ နားလည်ရလွယ်ပေမည်။

ကျွန်တော်တို့အားလုံးတွင် ဤပါရမီ စွမ်းရည်ရှိကြောင်း သဘောပေါက်ချက်သည် နပိုလီယံအား 'ကမ္ဘာလောကကြီးကို စိတ်ကူးစိတ်သန်းများက ကြီးစိုးသည်' ဟု ပြောစေခဲ့သည်။

ကလေးအရွယ်တွင် သင်သည် သင်၏ စိတ်ကူးစိတ်သန်းကိုအသုံးချရန် ရည်ရွယ်ထားခဲ့ပုံအရ အလိုလို အသုံးချမိလေ့ရှိသည်။

သင်သည် စိတ်ကူးယဉ်သည်။ စိတ်ကူးဉာဏ်ကွန့်မြူးသည်။ နေ့ခင်းနေ့လယ်တွင် သင်စိတ်ကူးယဉ်ပြီး ညအခါတွင် သင်၏ ညာဘက်ဦးနှောက်သည် သင့်အိပ်မက်များအတိုင်း ရွက်လွှင့်သွားစေသည်။

သင်ထိုအနေအထားသို့ ယုံကြည်စိတ်ချမှုအပြည့်ဖြင့် ပြန်သွားပြီး ထပ်မံအိပ်မက်မက်ပါလျှင် သင့်ပြဿနာများအား ဖြေရှင်းနည်းများစွာ ကြံကြံဆဆ တွေ့မြင်ပုံကို သင် တအံ့တသြကြုံရပေမည်။

အိုင်းစတိုင်းက 'စိတ်ကူးစိတ်သန်းဟာ အသိပညာထက် ပိုအရေးပါတယ်' ဟု ပြောကြားလေ့ရှိခဲ့သည်။ သူတို့ စကားပြောခဲ့သည်ဟု ကျွန်တော် ပထမအကြိမ်ကြားစဉ်က သူဘာကိုဆိုလိုမှန်း ကျွန်တော် သဘောမပေါက်ခဲ့ချေ။ ခက်ခဲသော ပြဿနာတိုင်းအတွက် အဖြေကား နောက်ထပ်ပညာဖြည့်ဆည်းပံ့ပိုးမှုပင်ဖြစ်သည်ဟု ကျွန်တော် အမြဲတမ်း ထင်မြင်ခဲ့သည်။

ပို၍အရေးပါသောအရာတချို့ကို ထပ်တိုးဆည်းပူးလိုက်ရုံဖြင့် ကျွန်တော်အဆင်ပြေသွားမည်ဟု ကျွန်တော် ထင်ခဲ့သည်။ ကျွန်တော် သဘောမပေါက်ခဲ့သောအချက်ကား ကျွန်တော် လိုအပ်နေခဲ့သောအရာမှာ ပညာမဟုတ်၊ ကျွမ်းကျင်မှုသာဖြစ်သည်ဟုပင် ဖြစ်သည်။ ကျွန်တော် တတ်ကျွမ်းရန် လိုအပ်နေခဲ့သည့်အချက်ကား ကျွန်တော့် စိတ်ကူးစိတ်သန်းကို ကြံကြံဆဆ ကျွမ်းကျင်စွာအသုံးချနည်းပင် ဖြစ်သည်။

ထိုအချက်ကို ကျွမ်းကျင်သွားသည်နှင့် ကျွန်တော် ပထမဦးဆုံးပြုရသည့် အလုပ်ကား ကျွန်တော်ဖြစ်ချင်သည့်အသွင်ကို စိတ်ကူးပုံရိပ်ဖော်ခြင်းပင် ဖြစ်သည်။

ဤအကြောင်းနှင့်ပတ်သက်၍ တေးရေးဆရာ ဖရက်ဒီနစ်ဖ်က သီချင်းတစ်ပုဒ် ရေးသားခဲ့ဖူးသည်။ ယင်းသည် ဆယ်ကျော်သက်များအား ယင်းတို့ ဖြစ်ထွန်းလိုသည့်ဘဝကို စိတ်ကူးယဉ်ပုံဖော်တတ်အောင် သင်ပေးသည့်အနေဖြင့် ထုတ်လုပ်ခဲ့သော ဗီဒီယိုဇာတ်ကားတစ်ကားမှ နောက်ခံတေးသီချင်းဖြစ်သည်။

ကျွန်တော်တို့ အမှန်တကယ် ဖြစ်ထွန်းလိုလျှင် အိပ်မက်မက်စွမ်းကို ဖွံ့ဖြိုးအောင် ပြုလုပ်ရန် လိုအပ်သည်။ ဦးဆောင်ဦးရွက် ပြုလုပ်သည့် သဘောမျိုးဖြင့် စိတ်ကူးယဉ်အိပ်မက်မက်ခြင်းသည် ပင်ပန်းသောအလုပ် ဖြစ်သည်။ ဤသည်မှာ အနာဂတ်ဖန်တီးမှု၏ ပုံစံဒီဇိုင်းအဆင့်ပင် ဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရန် လိုအပ်သလို သတ္တိရှိရန်လည်း လိုအပ်သည်။ သို့သော် လက်တွေ့အိပ်မက်မက်ခြင်း၏ အကောင်းဆုံးအချက်ကား နောက်ဆုံးပန်းတိုင်သို့ရောက်ရှိခြင်း မဟုတ်ချေ။ အကောင်းဆုံးအချက်ကား အိပ်မက်မက်သူကို ဖြစ်ထွန်းသွားစေပုံပင် ဖြစ်သည်။

လတ်တလောတွင် သင့်စိတ်ကူးအိပ်မက်၏ အဆုံးသတ်အကျိုးရလဒ်ကို မေ့ထားလိုက်ပါ။ ထိုအဆုံးသတ်ပန်းတိုင်သို့ ရောက်ရှိရေးကိုသာ အာရုံစိုက်ပါ။ သင်ဖြစ်ချင်သည့်ဆန္ဒများအား စိတ်ကူးယဉ်အိပ်မက် မက်လိုက်ခြင်းဖြင့် တစ်နည်းအားဖြင့် သင်အကောင်အထည်ဖော်ခြင်းဖြင့် သင့်စိတ်ကူးအိပ်မက်သည် တစ်နေ့တွင် ဖြစ်ထွန်းလာမည်မှာ မလွဲဧကန်ပင် ဖြစ်သည်။

**Ref: Make your dream come true by Steve Chandler**

○ အဲဗာတန်မှ

အဲဒီလို အနိုင်ရရှိခဲ့တာကြောင့် လီဗာပူး အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၃၃)ပွဲ ကစားပြီးချိန်မှာ ရမှတ်စုစုပေါင်း ၇၉ မှတ်ရရှိခဲ့ပြီး အမှတ်ပေးဇယားထိပ်က မန်စီးတီးအသင်းက ပွဲစဉ်(၃၃)ပွဲ ကစားပြီးချိန်မှာ ရမှတ်စုစုပေါင်း ၈၀ ရရှိထားတာကြောင့် ရမှတ်တစ်မှတ်အကွာ အနေအထားကနေ မန်စီးတီးအသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

နည်းပြဖရန့်လမ်းပတ်ရဲ့ အဲဗာတန်အသင်းကတော့ လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၆ ရက်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပရီမီယာလိဂ် အမှတ်ပေးဇယားရဲ့ တန်းဆင်းဇုန်အတွင်း ရောက်ရှိသွားခဲ့ပြီး ၁၉၉၈-၁၉၉၉ ဘောလုံးရာသီနောက်ပိုင်း ပထမဆုံးအကြိမ် ချန်ပီယံရှစ်ကို တန်းဆင်းရမယ့်အန္တရာယ်နဲ့ နီးကပ်နေတာလည်း ဖြစ်ပါတယ်။

နည်းပြကလေ့အတွက်တော့ အခုနှစ်ဘောလုံးရာသီမှာ ပရီမီယာလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလား၊ အက်ဖ်အေဖလားနဲ့ ကာရာဘောင်ဖလားစတဲ့ဖလားတွေကို ရယူသိမ်းပိုက်နိုင်မယ့် အခွင့်အရေးတစ်ရပ်နဲ့ နီးစပ်လာခဲ့တာဖြစ်ပြီး ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ပထမအကျော့မှာ ဗီလာရီးယဲလ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရဖို့ ရှိနေကာ အဲဒီပွဲစဉ်ကို မေ ၂၇ ရက်မှာ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ ကလောမြို့နယ်၊ အင်းခေါင်းဆည်အနီး စိုက်ပျိုးရေးဦးစီးဌာနပိုင် ဟဲဟိုးဥယျာဉ်ခြံအတွင်းရှိ ကွင်းအမှတ်(၈)၊ မြေဧရိယာ(၁၀၂.၀၂)ဧကပေါ်တွင် ရှီတာကဲမှို(Shiltake Mushroom)စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းကို ပုဂ္ဂလိကနှင့် ပူးပေါင်း၍ ဆောင်ရွက်လိုပါသဖြင့် တင်ဒါစနစ်ဖြင့် ငှားရမ်းသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၈-၄-၂၀၂၂ရက်မှ ၁၀-၅-၂၀၂၂ရက်အထိ

(ခ) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၁-၅-၂၀၂၂ရက် ညနေ ၄:၃၀နာရီ

(ဂ) **တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ**- ဥယျာဉ်/ဇီဝဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်

(ဃ)**တင်ဒါတင်သွင်းရမည့်နေရာ** - ဥယျာဉ်/ဇီဝဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန ရုံးအမှတ် (၄၃)၊ နေပြည်တော်

(င) **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၁၆-၅-၂၀၂၂ရက် နံနက် ၁၀နာရီ၊ အစည်းအဝေးခန်းမ(၁)၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်

အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၁၀၃၈၃၊ ၀၆၇-၃၄၁၀၄၀၄တို့သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ် (မေလမှ မတ်လအထိ) နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် တင်ဒါခေါ်ဝယ်ယူမည့် လမ်း၊ တံတားလုပ်ငန်းသုံး ပစ္စည်းများ (လမ်းမီးဆက်စပ်ပစ္စည်းများ၊ ပလတ်စတစ်ရေဆေးနှင့် သာမိုပလတ်စတစ်ဆေး)အား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသား တိုင်းရင်းသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် -၂၆-၄-၂၀၂၂ရက်

တင်ဒါပုံစံပိတ်မည့်ရက် -၉-၅-၂၀၂၂ရက်၊ (၁၆:၀၀)နာရီ

တင်ဒါပေးသွင်းရမည့်နေရာ - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်း ဝယ်ယူနိုင်ပါသည်-

အင်ဂျင်နီယာဌာန(လမ်း/တံတား)၊
နေပြည်တော်စည်ပင်သာယာရေး ကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇၊ ၀၉-၇၇၇၇၇၇၄၈၅

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# သာစည်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ပြုလုပ်

သာစည် မေ ၂၅

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ကြောင်းသိရသည်။




ရှေးဦးစွာ မြို့နယ်အဆင့်စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်အဆင့်စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူး မြို့နယ်စီမံကိန်းဦးစီးမှူး ဦးမြင့်စိန်က ဒေသန္တရစီမံကိန်းရည်မှန်းချက်များ ရေးဆွဲတာဝန်ပေးအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်အဆင့်စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းများနှင့် ဒေသန္တရစီမံကိန်း ရည်မှန်းချက် တာဝန်များကို သက်ဆိုင်ရာဌာန တာဝန်ရှိသူများအား ပေးအပ်သည်။ သာစည်မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လုပ်ငန်းစီမံကိန်းများအတွက် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေကျပ်သန်းပေါင်း ၂၄၀၅ ဒသမ ၃၅၄ သန်းဖြင့် လုပ်ငန်း ၅၅ ခုကို ဌာန ကိုးခုဖြင့် ဆောင်ရွက်ရန် လျာထားကြောင်း သိရသည်။

အဆိုပါ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာအသင်းယှဉ်ပြိုင်နေသည့် ထိုင်းဖိတ်ခေါ် အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ နောက်ဆုံးနေ့ မေ ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်

ရန်ကုန် မေ ၂၅

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်နေသည့် NSDF ထိုင်းဖိတ်ခေါ် အမျိုးသမီးဖူဆယ်ပြိုင်ပွဲ နောက်ဆုံးနေ့ကို မေ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

နောက်ဆုံးနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် မြန်မာအသင်းနှင့် ဩစတြေးလျကလပ် South Perth အသင်း၊ မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် ထိုင်းလက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မေ ၂၄ ရက် ပွဲစဉ်များအပြီးတွင် ထိုင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့က သုံးပွဲကစား ကိုးမှတ်စီ၊ ထိုင်း All Stars အသင်းက လေးပွဲကစား ကိုးမှတ်၊ ဩစတြေးလျကလပ် South Perth အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့က သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ယခုနောက်ဆုံးနေ့တွင် ထိုင်းနှင့် အင်ဒိုနီးရှားပွဲမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ကစားရမည်ဖြစ်ပြီး မြန်မာနှင့် ဩစတြေးလျကလပ် South Perth အသင်းတို့ပွဲမှာ ပထမဆုံးနိုင်ပွဲနှင့်အတူ ဂုဏ်သိက္ခာပိုင်းအတွက် ကစားရမည်ဖြစ်သည်။

နိုင်ငံတကာပြိုင်ပွဲများနှင့် ငါးနှစ်နီးပါးဝေးကွာနေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ပထမဆုံးပြန်လည်ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲဖြစ်သောကြောင့် ရလဒ်ကောင်းရယူနိုင်ရန် ရုန်းကန်နေရခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးဖူဆယ်အသင်းသည် လာမည့်မေလတွင် ကျင်းပမည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**ကိုညီလေး**

# ဖျာပုံတွင် ရှေးဦးပြုစုခြင်းအခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

ဖျာပုံ မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



အဆိုပါသင်တန်းဖွင့်ပွဲတွင် ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စမ်းစမ်းအေးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဇေယျာက ကြက်ခြေနီအကြောင်း သိကောင်းစရာများနှင့် ကြက်ခြေနီအသင်းဖြစ်ပေါ်လာပုံများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းသင်တန်းကို မေ ၂၅ ရက်မှ ၂၇ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၈ ဦး တက်ရောက်သင်ယူကြမည်ဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

# မြန်မာ ယူ-၂၂ အသင်း ယူအေအီးခရီးစဉ် ဒုတိယခြေစမ်းပွဲတွင် အနိုင်ရ

ရန်ကုန် မေ ၂၅

(၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့၌ လေ့ကျင့်နေသည့် မြန်မာ ယူ-၂၂ အသင်းသည် ဒုတိယမြောက်ခြေစမ်းပွဲအဖြစ် မေ ၂၃ ရက်က ယူအေအီး ပရိုလိဂ်ကလပ် Sharjah အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် မေ ၂၀ ရက်တွင် ပထမခြေစမ်းပွဲ ကစားပြီးနောက် သုံးရက်အကြာတွင် ဒုတိယခြေစမ်းပွဲကစားခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ဂိုးများကို တိုက်စစ်မှူးများဖြစ်သည့် ဝင်းနိုင်ထွန်းနှင့် သန်းပိုင်တို့က သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ယူအေအီးခရီးစဉ်တွင် နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားသည်။ မြန်မာအသင်းသည် တတိယမြောက်ခြေစမ်းပွဲအဖြစ် မေ ၂၇ ရက်တွင် ယူအေအီးကလပ် Fursan Hispania အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

# ရမည်းသင်းမြို့နယ်အတွင်း ဒေသအချို့ လယ်ယာလုပ်ငန်းခွင် စတင်ဝင်ရောက်

ရမည်းသင်း မေ ၂၅

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသအချို့တွင် ယခုလအတွင်း သင်္ကြန်မတိုင်မီနှင့် သင်္ကြန်ပြီးနောက် ရွာသွန်းခဲ့သော မိုးကြောင့် လယ်ယာလုပ်ငန်းခွင် စတင်ဝင်ရောက်ထွန်ယက်ကြပြီဟု သိရသည်။

ထိုသို့ထွန်ယက်ရာတွင် နွားထွန်ရှည်းနှင့် လည်းကောင်း၊ လယ်ယာသုံးထွန်စက်များဖြင့်လည်းကောင်း ထွန်ယက်ကြသည်။ နွားထွန်ရှည်း ငှားထွန်ပါက တစ်ဧကလျှင် ထွန်သုံးရှည်းငှားထွန်ရသည်။ သို့မှသာ ထွန်ယက်ပြီးစီးနိုင်သည်ဟုသိရပြီး နွားထွန်တစ်ရှည်း ငှားပါက ငွေကျပ် ၈၀၀၀ ပေးရသည်။ လယ်ယာသုံးထွန်စက်ဖြင့် ငှားထွန်ပါက တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀ ပေးရသည်။

မြေအစိုဓာတ်ရရှိမှုကောင်း၍ ထယ်ရေးအဆင်သင့်ရှိသော ယာမြေများတွင် မိုးဦးသီးနှံအဖြစ် နှမ်း၊ မြေပဲနှင့် ပဲတီစိမ်းတို့ကို စိုက်ပျိုးကြကြောင်း၊ ကျန်စိုက်ပျိုးယာမြေများကိုလည်း ထွန်ယက်ထားရှိပြီး နောက်ပိုင်းရွာသွန်းမည့် မိုးကိုစောင့်၍ မိုးဦးသီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံတောင်သူများမှာ ကြိုတင်ပြင်ဆင်ထားကြောင်း ပဲဆည်အုပ်စု ပင်းစုမြောက်ရွာမှ စိုက်ပျိုးတောင်သူတစ်ဦးက ပြောသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**




# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၆၀ ဆူ | ၁၇၁ ဆူ | ၅၈၉ ဆူ |
| ၂။ | ခမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ပြည်သူကရွေးချယ်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မာမာ တည်ဆောက်သွားဖို့လိုတယ်။ ဒီမိုကရေစီစနစ်ဆိုတာဟာ ပြည်သူကရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုတာ လုပ်ပိုင်ခွင့်အာဏာနဲ့ ရပိုင်ခွင့်တွေကို မျှဝေခွဲဝေခံစားစေတာဖြစ်တယ်။ ဖက်ဒရယ်နဲ့ပတ်သက်ပြီး ဘယ်လိုပဲ အယူအဆအမျိုးမျိုး ကွဲပြားနေပါစေ ဒို့နိုင်ငံနဲ့ သဟဇာတဖြစ်တဲ့စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်ပြီး တည်ဆောက်သွားကြရမယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဧပြီ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။ သတင်းစဉ်

---

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၃) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဧပြီ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာ ရှင်းလင်းပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM နှင့် ချယ်ရီ FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ သတင်းစဉ်



ဧပြီ ၉ ရက်က မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်ရှိ နေအိမ်၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

## မန္တလေးတိုင်းဒေသကြီးအတွင်း အကြမ်းဖက်သမားများ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်အစိုးရအနေဖြင့် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ပြည်သူလူထုကို လုပ်ကြံသတ်ဖြတ်ခြင်းနှင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်အတွက် အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုပိုင် အဆောက်အအုံများအား အကြောင်းမဲ့ဖောက်ခွဲဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများကို ထိတ်လန့်ကြောက်ရွံ့စေရန် ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများ နေ့/ည မပြတ်ဆောင်ရွက်လျက်ရှိရာ **စာမျက်နှာ ၁၅ ကော်လံ ၁ သို့** ■

## အဲဗာတန်ကို အနိုင်ရခဲ့သည့် လီဗာပူး မန်စီးတီးကို ဆက်လက်ဖိအားပေး




လီဗာပူးအသင်းဟာ ဧပြီ ၂၄ ရက်ညပိုင်းက အဲဗာတန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ အဲဗာတန်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယား ထိပ်ဆုံးမှာ ရပ်တည်နေတဲ့ မန်စီးတီးအသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့ပါတယ်။

လီဗာပူးအသင်းနဲ့ အဲဗာတန်အသင်းတို့ပွဲစဉ် အကြိတ်အနယ်ရှိခဲ့သလို ပထမပိုင်းပွဲကစားချိန်အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၆၂ မိနစ်မှာ သွင်းယူခဲ့တဲ့ ရောဘတ်ဆန်ရဲ့ သွင်းဂိုးနဲ့ ၈၅ မိနစ်မှာသွင်းယူခဲ့တဲ့ အိုရီဂီရဲ့ သွင်းဂိုးတွေရရှိခဲ့တာကြောင့် လီဗာပူးအသင်းက အဲဗာတန်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ **စာမျက်နှာ ၂၂ ကော်လံ ၁ သို့** ○

**ယနေ့** ဖတ်စရာ


**စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ သတင်းထုတ်ပြန်ကြေညာ**
စာမျက်နှာ » ၈

**လူငယ်နှင့် ဘဝအောင်မြင်ရေး**
စာမျက်နှာ » ၂၀၊ ၂၁

**မြန်မာအသင်းယှဉ်ပြိုင်နေသည့် ထိုင်းဖိတ်ခေါ် အမျိုးသမီးဖူဆယ်ပြိုင်ပွဲ နောက်ဆုံးနေ့ ဧပြီ ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်**
စာမျက်နှာ » ၂၂